# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

### ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၀၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေနံချောင်းမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ပဲမျိုးစုံစိုက်ဧက ၂၅၀၀၀ ကျော် စိုက်ပျိုး



အောင်မြင်ဖြစ်ထွန်းနေသော ပဲစင်းငုံစိုက်ခင်း။

ရေနံချောင်း ဇူလိုင် ၃၀

ယခုနှစ် မိုးရာသီတွင် ပဲမာမျိုးစုံစိုက်ဧက ဧက ၂၅၀၀၀ ကျော်ကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အညာဒေသတွင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်းနှင့် ပဲနောက်တို့ကို မိုးရာသီတွင် သီးထပ်၊ သီးညှပ်အဖြစ် ယာမြေများတွင် အဓိကထား စိုက်ပျိုးကြသည့်အပြင် သီးခြားစိုက်ပျိုးကြသည်။

ပဲမာမျိုးစုံများသည် ပြည်တွင်းမုန့်လုပ်ငန်းများမှ ဝယ်ယူသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရသဖြင့် စိုက်ပျိုးသူများအတွက် ဈေးကွက်ပုံမှန်ရှိ၍ အရောင်းအဝယ်ကောင်းကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑

ယနေ့ ဖတ် စ ရာ

အိမ်နီးချင်းတပ်မတော်၏ တည်ဆောက်ထုဆစ်( ၉၇ )နှစ် | ဆောင်းပါး | စာ ၆

ဘက်စုံအသုံးဝင်သည့် အဖိုးတန်ရွှေကောက်ရိုး | ဆောင်းပါး | စာ ၁၀

ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ကျဆင်းသွား၍ စာသင်ကျောင်း ခုနစ်ကျောင်း ပြန်လည်ဖွင့်လှစ် | ပြည်တွင်းသတင်း | စာ ၁၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ ဘီလီယံရရှိ | နိုင်ငံတကာသတင်း | စာ ၁၃

## အိမ်ထောင်စုတစ်စုလျှင် တစ်လတစ်ကြိမ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထား

ရန်ကုန် ဇူလိုင် ၃၀

အိမ်ထောင်စု တစ်စုလျှင် တစ်လအတွက်တစ်ကြိမ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၌ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော



မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အစီအစဉ်အရ ပြည်သူများထံသို့ ကားများဖြင့် ဆီရောင်းချပေးစဉ်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

# အိုးမကွာ အိမ်မကွာ မိသားစုဝင်ငွေတိုးရေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်ရာ ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အရေးပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ ပါဝင်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစကာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းမှ “ဝင်ငွေတိုးစီမံကိန်း” ကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ လုပ်ငန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ဝင်ငွေတိုးစီမံကိန်းအရ ကျေးရွာများကို ရွေးချယ်ရာတွင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန် အလားအလာရှိခြင်း၊ ထုတ်ကုန်များကို ဈေးကွက်သို့ ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျခြင်း၊ ကျေးရွာသူ ကျေးရွာသားများသည် အသေးစားကုန်ထုတ်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုရှိပြီး လုပ်ငန်းထူထောင်ရန် စိတ်အားထက်သန်ခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိခြင်း၊ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရှားပြီး အလုပ်လက်မဲ့ဦးရေများခြင်း စသည့်အချက်များအပေါ် အခြေခံ၍ ရွေးချယ်ခြင်းဖြစ်သည်ဟု သိရသည်။

ဝင်ငွေတိုးစီမံကိန်းအရ နည်းပညာဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိရာတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည်ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းနည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း စသည်တို့အပါအဝင် နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူ၊ လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသူ၊ အမြော်အမြင် ဗဟုသုတရှိသူတို့မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးပေးမှုဖြင့် လုပ်ငန်းများထူထောင်လာနိုင်သည်။

ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းသဘာဝအရ ရာသီအချိန်အလိုက်သာ ဆောင်ရွက်ရခြင်း၊ မိသားစုအတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေများရှိနေခြင်း စသည်တို့ကြောင့် အချိန်နှင့်လုပ်အား ပိုလျှံမှုများရှိနေလေ့ရှိသည်။ ၎င်းမိသားစုများ အပိုဝင်ငွေရရှိနိုင်ရေးအတွက် အစိုးရက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ပေးကာ လုပ်အားခပေးချေခြင်းဖြင့် ဝင်ငွေရရှိစေသော်လည်း ယင်းနည်းလမ်းသည် အစဉ်အမြဲ ဝင်ငွေရရှိစေနိုင်သည့် နည်းလမ်းမဟုတ်ခြင်းကြောင့် နည်းပညာသင်တန်းများပေးခြင်း၊ ငွေကြေးအရင်းအနှီးနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးပြီး အိုးမကွာ အိမ်မကွာ လုပ်ငန်းများထူထောင်စေခြင်းက သားစဉ်မြေးဆက်အထိ ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် နိုင်ငံတော်က စီမံကိန်းများချ၍ ဖော်ဆောင်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မှုလိုအပ်သည်။ မိမိတို့နေထိုင်ရာ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုမှ မိမိတို့ကိုယ်တိုင် ရုန်းထွက်နိုင်ရေးအတွက် အခွင့်သာသည့်အခိုက်တွင် အားစိုက်ခွန်စိုက် လုံ့လဝီရိယစိုက်၍ ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## အင္ဂုတ္တိုရ်ကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကတ်သုံးပုံပါဠိတော်အဖွင့် အင္ဂုတ္တိုရ်ကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇၃၄၀၆၂၇၆၊ ၀၉-၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉- ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉-၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉-၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉-၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉-၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစပြီး၊ ရှမ်း ၊ 'ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ၊ အရှေ့ပိုး ကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ' ဝ ' ဘာသာ အစီအစဉ် နံနက်(၈:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီ အထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ ညနေ(၁၄:၀၀) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၄:၀၀)နာရီမှ ညနေ(၁၅:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ (၁၅:၀၁)နာရီမှ (၁၆:၀၀)နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀)နာရီမှ ည(၁၇:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ ည (၁၇:၀၀) နာရီမှ (၁၉:၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည (၁၉:၀၀)နာရီမှ (၂၁:၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ် တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁ -၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၀၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာမြင့်မားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသားကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသောအသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်မှန်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရမည်းသင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက **"ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"** Video Clip ကို ပြသသည်။

**ပြုစုပျိုးထောင်ပေး**

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ စာအုပ်စာပေများသည် မိမိတို့အားလုံးကို အသိပညာ ဗဟုသုတများအား ပေးစွမ်းနိုင်သည့်အတွက် ငယ်စဉ်အချိန်ကပင် ဖတ်ရှုလေ့လာကြရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာမြင့်မားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ ယခု စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များမှသည် စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ်လှူဒါန်းရာ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** သီချင်းဖြင့် ဖျော်ဖြေကြပြီး ရုပ်ရှင်အနုပညာရှင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က **"စာစုံဖတ်မယ် ကျောင်းသားအရွယ်"** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဗဟိုကော်မတီဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် State Academy၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁/၂၀၂၄) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက် ရှိ/မရှိနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ပြီး ဆန်းစစ်ချက်များနှင့်အတူ ကော်မတီသို့ ပြန်လည်တင်ပြနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက် ရှိ/မရှိနှင့် စပ်လျဉ်းပြီး အရေးပါသည့် ခေါင်းစဉ် (၅)ခုကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board ၏ လုပ်ငန်းယန္တရား စနစ်တကျ ပေါ်ထွက်လာပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် အဖွဲ့အလိုက် ဆွေးနွေးကြမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့(၅)ဖွဲ့မှ ကိုယ်စားလှယ်များက MTDB ၏ အမည်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ MTDB ၏ ဖွဲ့စည်းပုံ၊ MTDB ဥပဒေရေးဆွဲပြုစုရေးနှင့် ဥပဒေတွင်ထည့်သွင်းရမည့် ကိစ္စရပ်များ၊ MTDB ၏ စီမံကိန်းများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် MTDB ၏ ဘဏ္ဍာငွေအရင်းအမြစ်များ ရရှိခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာစိုးဝင်းတို့ နေပြည်တော်(တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး



**နေပြည်တော် ဇူလိုင် ၃၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ်(၅)ယှဉ်ပြိုင်မှုနှင့် ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ်ယှဉ်ပြိုင်မှု ရိုက်ကူးရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**လိုက်လံကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room, MRTV HD၊ MRTV News သတင်းထုတ်လွှင့်ခန်းများနှင့် သတင်း Studio များတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု လေ့လာကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေဆုံနှုတ်ဆက် အားပေးကြသည်။ **(အပေါ်ယာပုံ)**

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ၂၀၁၉ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် သပိတ်ကျင်း မြေငလျင်ဒဏ်ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ပင်မအဆောက်အဦတွင် ကြမ်းခင်း၊ နံရံနှင့် ကွန်ကရစ်လမ်းများ၌ အက်ကြောင်းများ ဖြစ်ပေါ် ပျက်စီးခဲ့မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံသွင်း/အသံထပ်စတူဒီယို (Dubbing Studio) ခန်းတွင် ကျင်းပသည့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာမျှဝေပေးရေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ် (၅) ကို နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူ ငါးဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**ဆက်လက်ယှဉ်ပြိုင်ကြရမည်**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို အများပြည်သူစိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေး အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလူပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ Radio ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအား ပွဲစဉ် (၅)ခုဖြင့် ကျင်းပလျက်ရှိရာ ပွဲစဉ်တစ်ခုစီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် ရွေးချယ်ထားသည့် စုစုပေါင်း ၁၀ ဦးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် Auditorium ခန်းမသို့ ရောက်ရှိကြရာ မြန်မာအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဇာတ်တော်ကြီးပြိုင်ပွဲအား လက်ခံကျင်းပနိုင်ရန်အတွက် MRTV Auditorium ခန်းမအရွယ်အစား၊ Stage အမြင့်နှင့် ပရိသတ်ဝင်ဆံ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ MRTV Auditorium သည် အလျား ၄၈'၊ အနံ ၄၅'၊ အမြင့် ၃' ၄" ရှိသည့် ရိုက်ကူးရေးစင်မြင့် Stage၊ အသံစနစ်၊ Lighting Bar၊ Setting Bar၊ Main Curtain၊ Side Tab၊ Intermediate Curtain နှင့် Elevator Stage များ ထည့်သွင်းတပ်ဆင်ထားရှိပြီး ပရိသတ် ၄၇၅ ဦး ဝင်ဆံ့သည့် ရိုက်ကူးရေးခန်းမဖြစ်သည်။

ဆက်လက်၍ Auditorium ခန်းမတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည် MRTV "သီချင်းနှင့် တေးသရုပ်ဖော်တို့ဖြင့် ဦးစွာ ဖျော်ဖြေတင်ဆက်ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် "ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ် ရိုက်ကူးရေးဆောင်ရွက်မှုကို လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် ဥတ္တရသီရိ မူလတန်းကြိုကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း၊ ဒက္ခိဏသီရိ မူလတန်းကြိုကျောင်းနှင့် ပျဉ်းမနားမူလတန်းကြိုကျောင်းများမှ ကလေးငယ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည့် ကလေးငယ်များအားပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**ထုတ်လွှင့်ပြသလျက်ရှိ**

အဆိုပါ ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ်ကို ၁၉၉၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပေးခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ ရပ်နားထားခဲ့ရာမှ ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ မူလတန်းကြိုကျောင်းများမှ ကလေးငယ်များဖြင့် MRTV Auditorium ခန်းမတွင် အပတ်စဉ်ရိုက်ကူးလျက်ရှိပြီး ဇူလိုင်၂၀ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မူကြိုကျောင်းများမှ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ မိဘများ၊ ကလေးများနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများအား လိုက်လံကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ *ရွှေ့ဖုံးမှ*

ကုမ္ပဏီများက လက်လီ/လက်ကားအရောင်းဆိုင်များမှတစ်ဆင့် ပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးလျက်ရှိသော်လည်း အရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန်အခက်အခဲရှိသော အိမ်ထောင်စုများအနေဖြင့် စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာ ဝယ်ယူနိုင်ရန်၊ လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားသည်ဟု ဇူလိုင် ၃၀ ရက်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက အသိပေးထုတ်ပြန်ထားသည်။

ဝယ်ယူနိုင်ရန်အတွက် Call Center ဖွင့်လှစ်၍ မှာကြားချက်များကို မှာကြားနိုင်ရန် လက်ခံမှတ်သားသွားမည်ဖြစ်၍ ဇူလိုင် ၃၁ ရက်မှစ၍ နံနက် ၉ နာရီမှ ညနေ ၃နာရီခွဲအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) Call Center ဖုန်းနံပါတ် ၀၁-၂၃၉၉၂၂၂ (လိုင်းခွဲ ၇ လိုင်း) သို့ မှာကြားနိုင်ကြောင်း အသိပေးထားသည်။ ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကို အခြေခံ၍ အကျိုးအမြတ်ထည့်သွင်းထားခြင်း မရှိဘဲ ဘူးခွံဖိုးနှင့် ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပါရှိသည်။

Delivery ခကို မှာကြားသည့် ဝယ်သူဘက်မှ ပေးချေရမည်ဖြစ်ပြီး ပစ္စည်းရောက်ငွေချေစနစ်ဖြင့် သာရောင်းချသွားမည်ဖြစ်သည်။ ထို့အတူ ဆီဖိုးကို ကြိုတင်ငွေပေးချေရန် မလိုကြောင်းနှင့် မှာကြားရက်နှင့်ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့်ကွာခြားနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ အသိပေးကြေညာထားသည်။ **MT**

---

❑ *ရွှေ့ဖုံးမှ*

ယခုနှစ် မိုးသီးနှံ ပဲနောက် ၇၁၁၃ ဧက၊ ပဲလွမ်း ၁၁၄၇ ဧက၊ ပဲတီစိမ်း ၂၉၀၉ ဧက၊ ပဲစင်းငုံ ၁၄၂၀၂ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

---

## ဇလွန် - ပျဉ်းမကုန်း - ရှမ်းစုလမ်းမပေါ် ရေကျော်၍ တံတားနိမ့်ကျ

**ဇလွန် ဇူလိုင် ၃၀**

ဇလွန်မြို့နယ်ရှိ ဇလွန် - ပျဉ်းမကုန်း - ရှမ်းစုလမ်းမပေါ် ရေကျော်၍ တံတားနိမ့်ကျမှု အခြေအနေကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် ဇလွန်-ပျဉ်းမကုန်း - ရှမ်းစုလမ်းမိုင် (၅/၅) - (၅/၆) အတွင်း တံတားယာဉ်သွားလမ်း နိမ့်ကျနေမှု၊ ဇလွန်ဘက်ကမ်း ချဉ်းကပ်ကွန်ကရစ်လမ်း ၁၀ ပေ၊ ရှမ်းစုဘက်ကမ်း ချဉ်းကပ်ကွန်ကရစ်လမ်း ရှစ်ပေ ပြတ်ကျနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ယာယီတံတား အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဘေလီသံပေါင်တံတားထိုးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ဝေယံ(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ စိုက်ပျိုးရေရရှိရေး ဆိုလာရေတင်စနစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကောက်ရိုးမြေဆွေး ပြုလုပ်ခြင်း သရုပ်ပြပွဲ ကြည့်ရှုအားပေး



**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာသို့ ရောက်ရှိပြီး စိုက်ပျိုးရေရရှိရေးအတွက် ပေ ၂၀၀ စက်ရေတွင်း ဆိုလာရေတင်စနစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုအားပေးကာ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေကို တောင်သူများ အချင်းချင်း စနစ်တကျ မျှတစွာ ခွဲဝေသုံးစွဲရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ ကွင်းအမှတ် (၁၆၃၆) ၌ ကျင်းပသည့် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်ရိုးမြေဆွေး ပြုလုပ်ခြင်းသရုပ်ပြပွဲသို့ တက်ရောက်၍ ကောက်ရိုးမြေဆွေးပြုလုပ်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

**အလေးထားဆောင်ရွက်**

ကြည့်ရှုအားပေးစဉ် တာဝန်ရှိသူများက ကောက်ရိုးမြေဆွေး သဘာဝမြေဩဇာအဖြစ် ပြုလုပ်ပုံ အဆင့်ဆင့်နှင့် အသုံးပြုပုံများ၊ သဘာဝမြေဩဇာ အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ပျိုးဗန်းများဖြင့် စပါးမျိုး ပျိုးထောင်မှုစနစ်များ၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပေးနေမှုများ၊ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခု သရုပ်ပြသသည့် ကောက်ရိုးမြေဆွေး သဘာဝမြေဩဇာအဖြစ် ပြုလုပ်မှုကိုလေ့လာပြီး တစ်ပိုင်တစ်နိုင် သဘာဝမြေဩဇာများပြုလုပ်ကာ လက်တွေ့ကျကျ အကျိုးရှိစွာ သုံးစွဲကြစေလိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းအားပြည့်ဖြင့် လယ်ယာမြေများအား စိုက်ပျိုးပေးနိုင်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းတစ်လျှောက် ရေဝပ်သောနေရာများအား နိုင်လွှန်ကတ္တရာဖြည့်ခင်းခြင်း လုပ်ငန်းများနှင့် လေဆိပ်အနီး ပန်းနှင်းဆီအဝိုင်းပတ်လမ်း၌ နိုင်လွှန်ကတ္တရာ ပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေ အနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှု များပြားခြင်းကြောင့် လမ်းများပေါ်တွင် ရေတင်ရေဝပ်ခြင်းများ မဖြစ်ပေါ်စေရေး လိုက်လံစစ်ဆေးဆောင်ရွက်ရန်နှင့် လမ်းဘေးရေဆင်းမြောင်းများ ဖောက်လုပ်ထားရှိရန်၊ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ စီမံဆောင်ရွက်ရန် မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လေဆိပ်လမ်းပေါ်ရှိ ရထားသံလမ်းကူးနေရာနှင့် သဲကောကြီးတံတား အတက်အဆင်းလမ်း ချောမွေ့စေရေးအတွက် နိုင်လွှန်ကတ္တရာ ဖြည့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းရပ်ကွက်များနှင့် လူနေရပ်ကွက်များ၌ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး MICC-2 ၊ သီရိရတနာအဆင့်မြင့်ဈေး၊ သဇင်ဆောင်၊ သပြေဆောင်၊ ဉာဏသိဒ္ဓိရပ်ကွက်နှင့် ပိတောက်အိမ်ရာများသို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သည့် (၅၃၅) ရေပေးရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယာယီရေဘေးရှောင်စခန်းများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကူညီထောက်ပံ့

ပဲခူး ဇူလိုင် ၂၀

**ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၀ ရက် နံနက်က လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ဖွင့်လှစ်ထားသည့် သဘာဝဘေး ကွပ်ကဲမှုရုံးတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး ယာယီရေဘေးရှောင်စခန်းများရှိ လူဦးရေနှင့် ထောက်ပံ့မှုစာရင်းများ စနစ်တကျပြုစုထားရှိရန်၊ ရေကြီးနစ်မြုပ်သည့် ဘုန်းတော်ကြီး ကျောင်းများရှိ သံဃာတော်များ ဆွမ်းကိစ္စ အဆင်ပြေစေရေး လိုအပ်သည်များ ထောက်ပံ့ကူညီပေးရန်၊ ရေများ အမြန်ဆုံး ပြန်လည်ကျဆင်းစေရေး အဓိကရေထွက်ပေါက်များ ပိတ်ဆို့မှု မရှိစေရေး လိုက်လံစစ်ဆေး ဆောင်ရွက်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရေး ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများအတွက် မျိုးစပါးများ ကြိုတင်စုဆောင်း ဖြန့်ဝေပေးထားရန်နှင့် ရေကျဆင်းသွားပါက အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာမှ စိုက်ပျိုးရေးသုံး စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပဲခူးမြို့ရှိ ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများအလိုက် ရေဘေးသင့်ပြည်သူများ၏နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများကိုလည်းကောင်း၊ ပဲခူးမြို့နယ် တပ်နယ်မှူးက တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၏ ရေဘေးကူညီကယ်ဆယ်ရေးနှင့် ထမင်းထုပ်များ ဖြန့်ဝေးလျက်ရှိမှု အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြစ်ရေစီးဆင်းမှုအခြေအနေနှင့် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း ရေထွက်ပေါက် ပြန်လည် အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ မဟာကလျာဏီသိမ်တော်ကြီးကျောင်းနှင့်ကြေးနီကန် ဘုန်းတော်ကြီး ကျောင်းရှိ ရေဘေးသင့် ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက် အားပေး စကားပြောကြားကာ စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေကာ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်ပေးရန်နှင့် အမိုးအကာဖြင့် နေထိုင်နိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစုတာပေါ်၌ သဲအိတ်ရေတားတာ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရေကြီးနစ်မြုပ်သည့် မြို့သစ် (င) ရပ်ကွက် ကျောက်ကြီးစုရပ်ကွက်များအတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ မုန့်များ၊ ရေသန့်ဘူးများ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ကော်ဖီတင်ပို့နိုင်မှုအား ကွင်းဆင်းကြည့်ရှု



**တောင်ကြီး ဇူလိုင် ၂၀**


ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဂိုဒေါင်မှ ဟိုပုံးမြို့နယ် ကျောင်းလွယ်ကျေးရွာရှိ အသစ်ဆောက်လုပ်ထားသော Green Gold သမဝါယမအသင်းပိုင်ဂိုဒေါင်သို့ ကော်ဖီစေ့များ ပြောင်းရွှေ့နေမှု၊ သိုလှောင်ထားရှိမှု အခြေအနေများနှင့် ပြည်ပနိုင်ငံသို့ တင်ပို့မှုအခြေအနေများကို ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။(ဓါတ်ပုံ)

ထို့နောက် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမန်နေဂျာက ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့မှ သမဝါယမအသင်းသားများ၏ ကော်ဖီရောင်းချမှုနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းခဲ့ရာ ပြည်နယ်ဦးစီးမှူးက အသင်းသားများ၏ ကော်ဖီရောင်းချမှုများအပေါ် Refund ပြန်လည်ပေးနိုင်ရေးဆောင်ရွက်ရန်၊ ကျောင်းလွယ်ကျေးရွာရှိ အသင်းပိုင်ဂိုဒေါင်တွင် အသင်းဝန်ထမ်းအိမ်ရာဆောက်လုပ်ရာတွင် စနစ်တကျ စာချုပ် ချုပ်ဆိုဆောင်ရွက်ရန်နှင့် အသင်းဂိုဒေါင်တွင် ရေရရှိရေး ကာလသတ်မှတ်၍ ဆောင်ရွက်သွားရန် ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်နီးချင်းတပ်မတော်၏ တည်ဆောက်ထူဆစ် (၉၇) နှစ်

အမောင်



နိုင်ငံတော်ဟုသတ်မှတ်ရာတွင် လူဦးရေ၊ နယ်မြေ၊ အစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာ အသိအမှတ်ပြုမှုစသည့် အင်္ဂါရပ် ငါး ရပ်ပါဝင်မှ ပြည့်စုံမည်ဖြစ်သည်။ ထိုအင်္ဂါ ၅ ရပ်နှင့် ပြည့်စုံသော နိုင်ငံတော်ကို ယနေ့ကမ္ဘာ့နိုင်ငံအများစု ကြုံတွေ့နေရသော ဘက်စုံစစ်ပွဲအသွင်က ကာကွယ်နိုင်ရန်အတွက် နိုင်ငံတိုင်းတွင် ခေတ်မီစွမ်းအားပြည့်ဝသော တပ်မတော်တစ်ရပ် ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ နိုင်ငံတိုင်းအတွက် အလိုအပ်ဆုံးသော၊ အရေးပါဆုံးသော မရှိမဖြစ် အဖွဲ့အစည်းမှာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေသည့် တပ်မတော်ပင်ဖြစ်ပါသည်။

### ကြံ့ခိုင်သော တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်

၁၉၂၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအချိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီးအဖြစ်ကြေညာခြင်း မပြုရသေးပေ။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ သမိုင်းဖြစ်စဉ်သမိုင်းသည် ၁၉၃၃ ခုနှစ်တွင် စတင်၍ အတည်ပြုခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် တပ်နီတော်အား အလုပ်သမား၊ တောင်သူလယ်သမားတို့ကို အခြေခံဖွဲ့စည်းခဲ့ကြသည်။ အင်အား ၈၀၀၀၀ ကျော်ဖြင့် ခရီးရှည်ချီတက်ပွဲဆင်နွှဲခဲ့ကြရာ ခေါင်းဆောင်ကြီး မော်စီတုံးက ဦးဆောင်ခဲ့သည်။ တပ်နီတော်၏ ခရီးစဉ်သည် တောင်တန်းကြီး ၁၈ တောင်၊ မြစ်ပေါင်း ၂၄ မြစ်ကို ဖြတ်ကျော်ခဲ့ပြီး သဲကန္တာရ၊ နွံအိုင်များကိုလည်း ဖြတ်ကျော်ခဲ့ကြရသည်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်သည် ချန်ကေရှိတ်၏ ကူမင်တန်တပ်များနှင့် စစ်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရပြီး ပြည်တွင်းစစ်၊ ပြည်ပစစ်ကိုလည်း ပါဝင်ခဲ့ကြရသည်။

မည်သည့်နိုင်ငံမဆို အချုပ်အခြာအာဏာမတည်မြဲလျှင်၊ သို့မဟုတ် အချုပ်အခြာအာဏာကို မကာကွယ်နိုင်လျှင် လွတ်လပ်ရေးဆုံးရှုံးခြင်းပင် ဖြစ်သည်။ မျက်မှောက်ခေတ်တွင် နိုင်ငံတိုင်းသည် ကာကွယ်ရေးစွမ်းအား မြင့်မားသည့် တပ်မတော်တစ်ရပ်ကို ထူထောင်ရန် လိုအပ်ပေသည်။ ကမ္ဘာ့သမိုင်းစာမျက်နှာများကို သင်ခန်းစာယူလျှင် ကာကွယ်ရေးစွမ်းအားလျော့နည်းချိန်တွင် နယ်ချဲ့ကျူးကျော်မှုကို ခံရတတ်သည်။ တရုတ်နိုင်ငံသည် ၁၈၉၄-၁၈၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၇-၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဂျပန်တို့၏ ကျူးကျော်ခြင်းခံခဲ့ကြရသည်။ အချုပ်ပြောရလျှင် တရုတ်နိုင်ငံသည် ဗြိတိသျှ၊ ဂျပန်တို့၏ ကျူးကျော်ခြင်းကို ခံခဲ့ရပြီး ကိုလိုနီကျွန်ဘဝရောက်ခဲ့ရသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် အတိတ်တွင်ကြုံတွေ့ခဲ့ရသော နိုင်ငံ၏ ခါးသီးခြင်းဝေဒနာကို သင်ခန်းစာယူ၍ ခေတ်မီတိုးတက်သည့် တပ်မတော်တစ်ရပ်ကို ထူထောင်ခဲ့ကြသည်။ သမ္မတ ကျန်ဇီမင်း၏ ခေတ်သစ်စစ်ရေးမူဝါဒ ထုတ်ပြန်ချက်တွင် "အနာဂတ်တွင်ဖြစ်ပွားမည့် စစ်ပွဲများတွင် နည်းပညာမြင့်မားသော စစ်ပွဲ၊ ဘက်စုံစစ်ပွဲ၊ အီလက်ထရွန်နစ်စစ်ပွဲနှင့် ဒုံးလက်နက်စစ်ပွဲတို့ ပါဝင်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်အနေဖြင့် လက်တွေ့ကျကျ တိုက်ပွဲဝင်အသင့်ဖြစ်စေရမည်"ဆိုသည်မှာ တရုတ်နိုင်ငံ၏ အနာဂတ်တပ်မတော် လက္ခဏာအသစ်ပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာအာဏာ လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားနှင့် တရုတ်ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို လည်း အခြေခံ၍ တရုတ်နိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေးမူဝါဒကို ချမှတ်ခဲ့ခြင်းပင်ဖြစ်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်(PLA)တွင် ကြည်းတပ်ကဏ္ဍ၌ ခေတ်မီစစ်လက်နက် ပစ္စည်းများ၊ စွမ်းအားပြည့်ဝသော စစ်သည်များ ပိုင်ဆိုင်ခြင်း၊ ရေတပ်ကဏ္ဍ၌လည်း မဟာဗျူဟာမြောက် စစ်ဆင်ရေးများကို အခိုင်အမာ တည်ဆောက်နိုင်ရန် အတွက် တတိယမြောက် လေယာဉ်တင်သင်္ဘောအထိ လက်ဝယ်ရှိပြီးဖြစ်သည့် အပြင် လေတပ်ကဏ္ဍ၌လည်း တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များ၊ ရှေ့ပြေးသတိပေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်နှင့် ရဟတ်ယာဉ်စသည့် နည်းပညာမြင့် မျိုးဆက်သစ်လေယာဉ်များစွာကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ထို့အပြင် လေကြောင်းရန်ကာကွယ်ရေးစနစ်၊ ဒုံးစနစ်၊ AI နည်းပညာ၊ Drone စနစ်များတွင် အဆင့်မြင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခေတ်သစ်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများထဲတွင် ပါဝင်လျက်ရှိပါသည်။

> ❖ **တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)တွင် ကြည်းတပ်ကဏ္ဍ၌ ခေတ်မီစစ်လက်နက်ပစ္စည်းများ၊ စွမ်းအားပြည့်ဝသော စစ်သည်များ ပိုင်ဆိုင်ခြင်း၊ ရေတပ်ကဏ္ဍ၌လည်း မဟာဗျူဟာမြောက်စစ်ဆင်ရေးများကို အခိုင်အမာ တည်ဆောက်နိုင်ရန်အတွက် တတိယမြောက် လေယာဉ်တင်သင်္ဘောအထိ လက်ဝယ်ရှိပြီးဖြစ်သည့်အပြင် လေတပ်ကဏ္ဍ၌လည်း တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များ၊ ရှေ့ပြေးသတိပေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်နှင့် ရဟတ်ယာဉ် စသည့်နည်းပညာမြင့် မျိုးဆက်သစ်လေယာဉ်များစွာကို ပိုင်ဆိုင်နေပြီဖြစ်**

### မြန်မာ၏ ထာဝရအိမ်နီးချင်းကောင်း

အနောက်တိုင်း စကားပုံတစ်ခုက "You can change friends, but not neighours" ဖြစ်သည်။ အဓိပ္ပာယ်က "မိတ်ဆွေများကိုပြောင်းချင်သလောက် ပြောင်းနိုင်သည်။ သို့သော် သင် မပြောင်းနိုင်တာက အိမ်နီးနားချင်းပါ" ဟူ၍ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်တွင် မြန်မာနှင့်တရုတ်နိုင်ငံတို့၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ် (The Five Principles of Peaceful Coexistence) ကို ကမ္ဘာသို့ ပူးတွဲကြေညာခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း ဦးစီး၍ တရုတ်-မြန်မာ နှစ်နိုင်ငံတို့၏ သမိုင်းစာမျက်နှာ အသစ်ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ထိုငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို စတင်ကြေညာသည့် ၁၉၅၄ ခုနှစ်မှစ၍ နှောင်နှစ်ပေါင်းများစွာ အထိ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကြီးနိုင်ငယ်ညှဉ်းကင်းကင်း တန်းတူရည်တူ အပြန်အလှန် လေးစားဆက်ဆံခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ယုံကြည်စိတ်ချရမှုများ ရရှိစေရန် ကြိုးစား ဆောင်ရွက်လျက်ရှိကြ၏။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် စီးပွားရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် လျက်ရှိသည်။ မြန်မာ့အရေးနှင့် ပတ်သက်လာတိုင်း ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသော ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသောခံယူချက်ဖြင့် တရုတ်နိုင်ငံသည် သမိုင်းစဉ်ဆက် သက်သေထူလျက်ရှိသည်။ တစ်ချိန်တစ်ခါက တရုတ်-မြန်မာတို့ ချုပ်ဆိုခဲ့သည့် နယ်နိမိတ်စာချုပ်သည် နှစ်နိုင်ငံခေါင်းဆောင်များနှင့်ပြည်သူများကြားထားရှိသည့် ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်များကို ဖော်ထုတ်ပြသခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က တရုတ်နှင့်မြန်မာတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ပါ အတိုင်း တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရှိစွာ ဆောင်ရွက်ခဲ့သောကြောင့် အခြားသော ကမ္ဘာ့အဖွဲ့အစည်းများကပင် စံနမူနာအတုယူခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

ခေတ်အဆက်ဆက် မြန်မာဘုရင်မင်းများနှင့် တရုတ်ဧကရာဇ်မင်းများ၏ နှစ်နိုင်ငံဆက်ဆံရေးအပြင် တပ်မတော်နှစ်ရပ်ဆက်ဆံရေးသည် ရွှေလမ်းငွေလမ်း ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။ ယနေ့ အချိန်ထိ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တပ်မတော် နှစ်ရပ်ကြား နည်းပညာဖလှယ်ခြင်းတို့ဖြင့် ပိုမိုရင်းနှီး ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်လျက်ရှိလေသည်။

### နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု

နှစ်နိုင်ငံကြား အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ ရှိသကဲ့သို့ပင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလျဉ်းသင့်၍ တင်ပြလိုပါသေးသည်။ အရပ်ဘက်သံတမန်ဆက်ဆံရေးသည် ၂၀၂၄ ခုနှစ် ဇွန်လ ၈ ရက်တွင် (၇၄) နှစ် ပြည့်မြောက်ပြီဖြစ်ပြီး စစ်ဘက်သံတမန်ဆက်ဆံရေးအနေဖြင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးအား ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဖွင့်လှစ်ခဲ့သလို တရုတ်စစ်သံရုံးကိုလည်း ၁၉၅၀ ပြည့်နှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဖွင့်လှစ်နိုင်ခဲ့သည်။

တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးခရီး သွားရောက်ခဲ့မှုများအနေဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ တရုတ်နိုင်ငံ ကွေ့လင်မြို့၌ ကျင်းပပြုလုပ်ခဲ့သော အကြမ်းဖက်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM – Plus (VIP Program) သို့ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်

စာမျက်နှာ ၇ သို့

# ထားဝယ်တက္ကသိုလ်၌ တက္ကသိုလ်ကျောင်းသားလူငယ်များ ဒေသန္တရဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော



ထားဝယ် ဇူလိုင် ၃၀

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကျောင်းသားလူငယ်များ ဒေသန္တရဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

ဟောပြောပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်းများရှိ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝ၍ ဘက်စုံထူးချွန်ပြီး လူမှုဆက်ဆံရေးစွမ်းရည်များ၊ ခေါင်းဆောင်မှုအရည်အသွေးများ၊ ပထဝီဝင်နိုင်ငံရေးသမိုင်းကြောင်းများ၊ အတွေ့အကြုံဗဟုသုတများကို သိရှိလေ့လာသင်ယူနိုင်ပြီး ဗဟုသုတများ ဖလှယ်နိုင်စေရေးနှင့်ဒေသန္တရဗဟုသုတများရရှိစေရေး၊ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး စသည်တို့အတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည့်အတွက် ကောင်းမွန်ပါကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ဆွေးနွေးပွဲမှ မိမိတို့ရရှိလာသည့် ရလဒ်ကောင်းများ၊ အသိပညာ၊ ဗဟုသုတများကို သေချာစွာမှတ်သားပြီး တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသော ဦးဆောင်မှုအရည်အသွေး ပြည့်မီသော ကျောင်းသားလူငယ်များ ဖြစ်လာစေရေး ကြိုးစားကြရန် လိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရိုင်းပင်းကူညီ၍ လက်တွဲညီညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ပေါင်းစုံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းနှင့် ထာဝရသစ္စာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်သူများက စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့(အဖွဲ့ဝင်) ဒေါက်တာ ဆလိုင်းအင်ဒရူး ငွန်ကျုံးလျန်တို့က ကျောင်းသား လူငယ်များအား ဒေသန္တရဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး အသိပညာ ပေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် ပြန်လည်ဆွေးနွေးကြသည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၇၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံများအနေဖြင့် ယခင်ထက်အော်ဒါရရှိမှု ပိုများနေသော်လည်း လုပ်သားလိုအပ်ချက်ရှိနေ

**ရန်ကုန် ဇူလိုင် ၃၀**

စက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံများအနေဖြင့် ယခင်ထက် အော်ဒါရရှိမှုပိုများနေသော်လည်း လုပ်သားရှားပါးမှု ရှိနေကြောင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။



ထိုသို့ လုပ်သားလိုအပ်ချက်ရှိနေသည့်အတွက် အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်း ရရှိနိုင်သည့် အနေအထားလည်း ဖြစ်ကြောင်း သိရသည်။ “အထည်ချုပ်စက်ရုံတွေအနေနဲ့ အော်ဒါရရှိမှုကတော့ ကောင်းတယ်။ ဘင်္ဂလားဒေ့ရှ်အော်ဒါက ကျွန်တော်တို့ ဆီရောက်လာတာ၊ နည်းနည်းပါးပါးမဟုတ်ဘူး။ အများကြီး သိန်းချီပြီး ရောက်လာတယ်။ အော်ဒါရရှိမှုက အရင်ထက်ပိုရရှိတယ်။ အော်ဒါရရှိမှုအနေနဲ့က အရင် လေးလတစ်ဖြတ်စီပေးတယ်၊ အခုတော့ ယူနိုင်တယ်ဆိုရင် တစ်နှစ်စာလည်းပေးတယ်” ဟု အထည်ချုပ်စက်ရုံ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အထည်ချုပ်စက်ရုံများ အနေဖြင့် ယင်းကဲ့သို့ ပြည်ပမှ အော်ဒါရရှိမှု အခွင့်အလမ်း ပိုများသော်လည်း ယခုလက်ရှိတွင် စက်ရုံလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းများရှိနေပြီး တရားမဝင်သွားရောက်သူများလည်း ရှိနေကြောင်း သိရသည်။

“အော်ဒါကောင်းပေမယ့် လူမရှိရင် အခက်အခဲရှိတယ်။ အော်ဒါရရှိမှုက အရင်ထက်ပိုရရှိပြီးတော့ လုပ်သားရှားပါးမှုတွေရှိနေတယ်။ အခက်အခဲတွေရှိလာတယ်။ အခု တရုတ်ပြည် နယ်စပ်မှာ စက်မှုဇုန်တွေ တည်နေတော့ တရားမဝင်နဲ့သွားနေတာ။ တရားမဝင်လာတဲ့သူကို တကယ်လုပ်တတ်တဲ့သူတွေကို ချပြတယ်၊ လုပ်နိုင်တယ်၊ လုပ်ခိုင်းတယ်၊ နေဖို့စားဖို့ အကုန်ပေးတယ်။ တရားမဝင်နဲ့သွားကြတာ များတယ်” ဟု ၎င်းက ပြောကြားသည်။

အထည်ချုပ် စက်ရုံများအနေဖြင့် လုပ်သားလိုအပ်ချက်ရှိနေသည့်အပေါ် အလုပ်သမားများအနေဖြင့် လာရောက်လုပ်ကိုင်စေလိုပြီး အခွင့်အလမ်းများလည်း ရှိနေကြောင်း အထည်ချုပ်စက်ရုံတစ်ရုံမှ HR မန်နေဂျာ တစ်ဦး က ဆိုသည်။

**MT**

## ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံသုတေသနဆိုင်ရာ ရလဒ်များ ဆွေးနွေးပွဲကျင်းပ

**ကျောက်ဆည် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံသုတေသနဆိုင်ရာရလဒ်များအကြောင်း ဆွေးနွေးပွဲကို ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ (ရုံးချုပ်)နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါ်အေးမိမိစိုး ဝါသီးနှံသည် နိုင်ငံတော်၏ အရေးကြီးကုန်စည်ဖြစ်သည့်အတွက် နှစ်စဉ်စိုက်ကေတိုးချဲ့ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး တွန်းအားပေးဆောင်ရွက်နေကြောင်းနှင့် သီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန် သုတေသနလုပ်ငန်းသည် အရေးပါကြောင်း ပြောကြားသည်။

ထို့နောက် ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ဝါမျိုးသစ်ထုတ်လုပ်နိုင်ရန် ဝါသီးနှံမျိုးကူးစပ်ပုံနည်းစနစ်များကို စာတွေ့လက်တွေ့ ဆွေးနွေးပို့ချပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန့်က စမ်းသပ်ကွက်များအလိုက် ကောက်ယူရမည့် မှတ်တမ်းများ၊ သုတေသနရလဒ်များ တွက်ချက်မှုနှင့် သုံးသပ်ချက်များကို ဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ခုနစ်ခြံမှ ခြံတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် တရုတ်–မြန်မာ မဟာဗျူဟာလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ (3rd China–Myanmar Strategic Security Consultation) သို့ တက်ရောက်ခဲ့သည်။

### စစ်ရေးပူးပေါင်းလေ့ကျင့်ရေးများ ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်ကြားနိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်များက သင်တန်းသားအရာရှိကြီးများ လေ့လာရေးခရီး အပြန်အလှန်သွားရောက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် တပ်မတော်သား အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန် ချစ်ကြည်ရေးခရီး သွားရောက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး စာတမ်းဖတ်ပွဲ (Great Wall–2022 International Counter–terrorism Symposium) သို့ Video Conference စနစ်ဖြင့် မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ခြင်း၊ မြန်မာ့တပ်မတော်ဘက်မှ သင်တန်းသားများ တရုတ်နိုင်ငံရှိ သက်ဆိုင်ရာ သင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနေခြင်း၊ စစ်ဘက်ဆိုင်ရာဖိုရမ်များနှင့် အစည်းအဝေးများ အပြန်အလှန် တက်ရောက်ခြင်း၊ လေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် စစ်ရေးပူးပေါင်းလေ့ကျင့်ရေးများကို ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်လျက်ရှိသည်။

### နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ခိုင်မြဲနေသည့် ဆက်ဆံရေးဆက်လက်တည်ရှိ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ (၉၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပေသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် အခက်အခဲပေါင်း မြောက်မြားစွာ၊ ရဲဘော်များ၏ အသက်သွေးချွေးပေါင်းများစွာကို အရင်းတည်၍ ဖြတ်သန်းတည်ဆောက်ခဲ့ကြရခြင်းလည်း ဖြစ်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ကြီးအနေဖြင့် ရန်လိုမှုကင်းသော နိုင်ငံချစ်စိတ်တို့ဖြင့် အမိတိုင်းပြည် တရုတ်နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။ (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့တစ်ခုလုံးဟာ တရုတ်ပြည်ရဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း နယ်ပယ်တစ်ခုလုံးမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေတယ်ဆိုတာ ပြည့်စုံနက်ရှိုင်းစွာ သဘောပေါက်ထားရမယ်။ တပ်မတော်ဟာ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာပိုင်မှုနဲ့ လုံခြုံရေးကို အခြားအရာတွေထက် ဦးစားပေးရမယ်။ စစ်ရေးအသင့်ဖြစ်မှုဟာ တပ်မတော်ရဲ့ အဓိကလုပ်ငန်းတာဝန် ဖြစ်တယ်။ သတင်းနည်းပညာခေတ်ကြီးမှာ မိမိရဲ့ ခံစစ်နဲ့တိုက်စစ် တိုက်ပွဲဝင်စွမ်းရည်တွေကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ကြရမယ်။ တပ်မတော်ကြီး တစ်ခုလုံးဟာ စစ်ရေးလေ့ကျင့်မှုကို မဟာဗျူဟာ အရေးပါမှုအဖြစ် ထည့်သွင်းထားရမယ်။ **“လက်တွေ့တိုက်ပွဲ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်ထားရမယ်”**ဟု သမ္မတ ရှီကျင့်ဖျင်က ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်တွင်ကျင်းပသည့် ဗဟိုစစ်ကော်မရှင်တိုးချဲ့အစည်းအဝေးတွင် တပ်မတော်၏ အရေးပါမှုကို ထည့်သွင်းပြောကြားခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် သမိုင်းပေးတာဝန်အရ တိုင်းပြည်အပေါ် သစ္စာရှိခြင်း၊ ပြည်သူကိုချစ်မြတ်နိုးခြင်းတို့ဖြင့် ရပ်တည်လျက်ရှိသည်မှာ (၉၇) နှစ်ပြည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ တိုင်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရ၊ တပ်မတော် နှစ်ရပ်နှင့် နှစ်နိုင်ငံပြည်သူတို့အကြား ချစ်ခင်ရင်းနှီးစွာ အိမ်နီးချင်းကောင်းများအဖြစ် တည်ရှိပြီးဖြစ်သည့် ခိုင်မြဲသည့်ဆက်ဆံရေးကို နှစ်နိုင်ငံတည်တံ့နေသမျှ ဆက်လက်ခိုင်မြဲနေအောင် ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြု ရေးသားအပ်ပါသည်။ ။

# မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မော်လမြိုင် ဇူလိုင် ၃၀

**မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ(၃/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်ကို မီးခိုး မထွက်ဘဲ အခွန်ငွေရှာဖွေပေးနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားဒေသများတွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု၊ ဒေသထွက် အစားအစာများ အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်ရောင်းချမှုနှင့် ခရီးစဉ်ဒေသများတွင်လမ်းညွှန်အမှတ်အသားများ ထားရှိစေရေး ဆောင်ရွက်ပေးကြ စေလိုကြောင်းနှင့်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေး အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဖန်တီး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်များက ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ၂၀၂၄ ခုနှစ်၊ ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မတီဝင်များက ၂၀၂၄ ခုနှစ်၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နိုင် (မော်လမြိုင်)**

# (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ (ဒုတိယနေ့) ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ (ဒုတိယနေ့) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ဆက်လက်ကျင်းပသည်။



နှီးနှောဖလှယ်ပွဲ (ဒုတိယနေ့) တွင် သွားဘက်ဆိုင်ရာ ဆေးပညာအစုအဖွဲ့ (Dental Syndicate) တွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုး၊ ဆေးဝါးပညာရပ်ဆိုင်ရာ အစုအဖွဲ့ (Pharmacy Syndicate) တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ဦးနှင့် ဆေးဝါးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာရီရီတင်၊ သူနာပြုပညာရပ်ဆိုင်ရာအစုအဖွဲ့ (Nursing Syndicate) တွင် သူနာပြုတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာမာလာဝင်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်၊ ဆေးဘက်ဆိုင်ရာ နည်းပညာအစုအဖွဲ့ (Medical Technology Syndicate) တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာသန်းမြင့်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာ တင်တင်လေး၊ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာအစုအဖွဲ့ (Public Health Syndicate) တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဒေါက်တာ သန်းဇော်မြင့်နှင့် အခြေခံကျန်းမာရေး တက္ကသိုလ်-မကွေး ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ရေးဆွဲရေးကိစ္စရပ်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက တက်ကြွစွာ ပါဝင်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြမှုများ၏ ရလဒ်များနှင့် အကြံပြုချက်များ တင်ပြခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာချောစုမောင်က နှီးနှောဖလှယ်ပွဲရလဒ်များနှင့် အကြံပြုချက်များကို စုစည်းတင်ပြသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နှီးနှောဖလှယ်ပွဲရလဒ်တွင် အနာဂတ် ဆေးပညာသင်ကြားရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကောင်းမွန်သော ရလဒ်များ ထွက်ရှိအောင် တက်ကြွစွာ တက်ရောက်ပါဝင်ဆွေးနွေးပေးခဲ့မှုများအပေါ်တွင် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး (၁၁) ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်လေ့လှော်အင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၅၅ ဦး စုစုပေါင်း ၅၇ ဦးတို့ကို အဆိုပါကျေးရွာရှိ ကျိုက်ဒေးဗွဲ ကျောင်းတိုက်၌ လည်းကောင်း၊ တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာအုပ်စု၊ ချောင်းကျိုးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၀ တို့ကို အဆိုပါကျေးရွာရှိ အာစိန္ဒသီရိ ပရဟိတကျောင်းတိုက်၌ လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နယ်၌ မျိုးစေ့နှင့် သွင်းအားစုများ (အခမဲ့)ထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းမြို့နယ်၌ ၂၀၂၄- ၂၀၂၅ ခုနှစ်၊ မိုးစပါး၊ ဆီထွက်သီးနှံများနှင့် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့နှင့် သွင်းအားစုများ (အခမဲ့) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်က မိုးစပါး၊ ဆီထွက်သီနှံများနှင့် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့နှင့် သွင်းအားစုထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တအုံကျေးရွာအုပ်စု၊ တောမကျေးရွာအုပ်စုနှင့် အုန်းပင်ခြံကျေးရွာအုပ်စုရှိ စပါးစိုက်တောင်သူများ၊ တောမကျေးရွာအုပ်စု၊ တအုံကျေးရွာအုပ်စုနှင့် မုန်ပင်ကျေးရွာအုပ်စုရှိနေကြာစိုက်တောင်သူများ၊ မီးသွေးဘုတ်ကျေးရွာအုပ်စုနှင့် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စုရှိ ဝါစိုက်တောင်သူများအား တာဝန်ရှိသူများက မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စစ်ကိုင်း)**

# ကယားပြည်နယ်ဝန်ကြီးချုပ် စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော လွိုင်ကော်မြို့ ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား ကြည့်ရှုအားပေး

လွိုင်ကော် ဇူလိုင် ၃၀

ကယားပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ယခုအခါ လွိုင်ကော်မြို့တွင် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် အခြေချနေထိုင်လျက်ရှိသည်။



ထိုကဲ့သို့ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကူးသန်းရောင်းဝယ်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကို မနာလိုမရှုဆိတ်သော KNDF/ KNPP/ PDF အမည်ခံသောင်းကျန်းသူများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်ကာ လွိုင်ကော်မြို့ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာစွာ ဇူလိုင် ၂၉ ရက် ည ၉ နာရီခန့်တွင် လူနေရပ်ကွက်များအတွင်းသို့ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သာသနိကအဆောက်အဦများ၊ ဘုရားစေတီနှင့် လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရပြည်သူများအား တာဝန်ရှိသူများက လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အပြစ်မဲ့ထိခိုက်ဒဏ်ရာရလူနာများအား ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လှည့်လည်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိလူနာများနှင့် တပ်မိသားစုဝင်များအတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လွိုင်ကော်မြို့ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော မြို့ရွာ/ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူများ၏နေအိမ်များ၊ ဘုရားစေတီပုထိုးများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဘိုကလေးမြို့နယ် ဂုံမင်းချောင်းကျေးရွာသံပေါင်တံတားနှင့် ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ဘိုကလေး ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဂုံမင်းချောင်းကျေးရွာ သံပေါင်တံတားနှင့် ချဉ်းကပ်လမ်းအား ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ အဆိုပါသံပေါင်တံတားနှင့် ချဉ်းကပ်လမ်းတည် ဆောက်နေမှုလုပ်ငန်းအခြေအနေများကို တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထို့သို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေး အဖွဲ့ (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ယူတည်ဆောက်နေသူများထံ မှာကြားခဲ့ကြောင်း၊ ယခုတည်ဆောက်နေသည့် ဘိုကလေးမြို့နယ် ဂုံမင်းချောင်းကျေးရွာရှိ သံပေါင်တံတားနှင့် ချဉ်းကပ်လမ်း ပြီးစီးပါက ဂုံမင်းချောင်းကျေးရွာ ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၄၇၈၀ စု၊ လူဦးရေ ၆၄၅၀ တို့အတွက် လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များအပြင် လူမှုစီးပွားဘဝကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

▼ *ကျောဖုံးမှ*

စောဖွေးတို့က သွင်းယူပြီး Chinland အသင်းအတွက် ဂိုးများကို ၇၊ ၄၉၊ ၇၃ မိနစ်တွင် လှဖုန်းဦး၊ ၁၇ မိနစ်တွင် ဝေယံထွန်းတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ဟက်ထရစ်သွင်းယူသည့် ချစ်ထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Chinland အသင်းတို့ နှစ်ပွဲကစား သုံးမှတ်စီ ရရှိထားသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ဧရာဝတီရိန်းဂျားအသင်းကို ခုနစ်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့် ကချင်ယူနိုက်တက်အသင်း ဂိုးပြတ်ရလဒ်ဖြင့် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၆၊ ၅၈ မိနစ်တွင် အောင်သူရိန်၊ ၄၄၊ ၈၉ မိနစ်တွင် အက်စ်ဂွန်လမ်၊ ၄၅+၁ မိနစ်တွင် သန်းဇော်ဟိန်း၊ ၄၅+၃ မိနစ်တွင် ဆိုင်းအောင်၊ ၈၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဇော်လွင်ဦးတို့က သွင်းယူခဲ့ပြီး ဧရာဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၂၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကျော်ထက်၊ ၇၂ မိနစ်တွင် စိုးသူရိန်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ကချင်ယူနိုက်တက်အသင်းမှ အက်စ်ဂွန်လမ်က ရရှိသည်။ ယခုပွဲအပြီးတွင် ကချင်ယူနိုက်တက်အသင်းက နှစ်ပွဲကစား လေးမှတ်ရထားပြီး ဧရာဝတီရိန်းဂျားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် Glory Goal အသင်း၊ တက္ကသိုလ်ကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ခာတ်ပုံ – MNL**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးနှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

❂ *ကျောဖုံးမှ*

လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၅၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နယ်သာလန်နိုင်ငံထုတ် Starlink Standard Actuated Kit with Accessories သုံးစုံ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် မုန်လာဥနီ ကီလိုဂရမ် ၇၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၂၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Coconut Fiber Bed Mattress အချပ် ၇၀၊ ထိုင်းနိုင်ငံထုတ် Wai Wai ခေါက်ဆွဲခြောက် ၄၁၇၆ ဘူး၊ စင်ကာပူနိုင်ငံထုတ် Beer Flavour ၃၀၀၀ ကီလိုဂရမ် အပါအဝင်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၇၆၁၁၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၇၆၁၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၆၅၁၁၁၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဘက်စုံအသုံးဝင်သည့် အဖိုးတန်ရွှေကောက်ရိုး

**ကောက်ရိုးဆိုသည်က စပါးရိတ်သိမ်းပြီး ခြွေလှေ့ကာကျန်ရှိခဲ့သော စပါးရိုးများဖြစ်သည်။ ကောက်ရိုးကို တောင်သူအများစုက တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြပါသည်။ အချို့ကလည်း လယ်မြေထဲတွင် မီးရှို့ပြီး မြေကြီးအာဟာရဓာတ်ရရှိအောင် ပြုလုပ်ကြပါသည်။ သို့သော် ထိုသို့မီးရှို့ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်သောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေပါသည်။ ထို့ပြင် မြေကြီးထဲရှိ အကျိုးပြုအဏုဇီဝပိုးများနှင့် သက်ရှိအများစုကို သေဆုံးနိုင်ပါသည်။ ကောက်ရိုးများကို တိရစ္ဆာန်အစာအတွက်သာမက အကျိုးရှိရှိပြန်လည်အသုံးချနိုင်သည့် နည်းလမ်းပေါင်းစုံရှိနေသည်ကို လေ့လာတင်ပြသွားပါမည်။**

ကေအောင်(မဟာဝိဇ္ဇာ)

**ယူရီးယားဖြင့်ပြုပြင်ပြီး တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း**

မိမိတို့နိုင်ငံတွင် ကောက်ရိုးကို ကျွဲ၊ နွားအစာအဖြစ် ကျွေးမွေးခဲ့ကြသည်မှာ ရှေးပဝေသဏီကတည်းကပင် ဖြစ်ပါသည်။ အများစုမှာ ပုံမှန်အတိုင်းသာ ကျွေးမွေးကြပြီး ကောက်ရိုးကို ပြုပြင်မွမ်းမံ၍ ကျွေးမွေးခြင်းမှာ ရှားပါးလှပါသည်။ ကောက်ရိုးတွင် အသားဓာတ်ပါဝင်မှုနည်းပါးပြီး အမျှင်ဓာတ်ပါဝင်မှုသာ များသောကြောင့် အာဟာရဖြစ်မှုနည်းပါးသည်။ ထို့အပြင် ကောက်ရိုးတွင်ပါဝင်သော အမျှင်ဓာတ် (ခေါ်) လစ်ဂနင် (Lignin) ဓာတ်ကို ကျွဲ၊ နွားများ၏ အစာအိမ်ကခြေဖျက်မရခြင်းကြောင့် ဗိုက်ကြီးတစ်ခုလုံးပြည့်နေအောင် စားထားသော်လည်း ကြီးထွားမှုနှုန်း နည်းပါးသောကြောင့် ကျွေးသလောက်အကျိုးမရှိပေ။ ထို့ကြောင့် ကောက်ရိုးကို အာဟာရပိုဖြစ်ပြီး ကျွဲ၊ နွားများ အသားတိုးနှုန်းပိုလာစေရန်အတွက် ကောက်ရိုးတွင် ပါဝင်သော လစ်ဂနင်ဓာတ်ကို ယူရီးယားနှင့် ချေဖျက်ရပါသည်။ ကောက်ရိုး တစ်ကီလိုဂရမ်အတွက် ရေတစ်လီတာနှင့် ယူရီးယား ၅၀ ဂရမ်နှုန်း ဖျော်ပြီး ဖျန်းပေးရမည်ဖြစ်ပါသည်။

ကောက်ရိုးပြုပြင်ရန်အတွက် မိမိပတ်ဝန်းကျင်ရှိ သမံတလင်းခင်းထားသော အခန်း၊ ကျင်း၊ သံပုံး၊ ပလတ်စတစ်ပုံးကြီးများအတွင်းသို့ ကောက်ရိုးကို သေချာစွာနင်းသိပ်ရမည်။ ပြီးလျှင် ယူရီးယားအရည်ကို နှံ့စပ်စွာဖျန်းပြီး လေလုံအောင်ဖုံးအုပ်ထားရန်လိုပါသည်။ ထိုသို့ လေလုံအောင်ဖုံးထားပြီး နှစ်ပတ်၊ သုံးပတ်ကြာသည့်အခါ ပြုပြင်ပြီးကောက်ရိုးကို ကျွဲ၊ နွားများကျွေးရန် အဆင်သင့်ဖြစ်ပြီဖြစ်ပါသည်။ မကျွေးမီ နှစ်နာရီမှ ခြောက်နာရီအကြား လေသလပ်ခံရန် လိုအပ်ပါသည်။ ယူရီးယားဖြင့် ပြုပြင်ထားသော ကောက်ရိုးကို ကျွဲ၊ နွားများကို ကျွေးပါက ပိုမိုစားသည့်အပြင် အကောင်ကြီးထွားနှုန်းကောင်းမွန်ပြီး ရောဂါခံနိုင်ရည်စွမ်းအား ရှိလာသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန်လွယ်ကူသော ထိုနည်းလမ်းကို တောင်သူလယ်သမားများ အနေဖြင့် အကျိုးရှိရှိ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် မိမိမွေးမြူထားသော ကျွဲ၊ နွားများကို အဖိုးနည်းဝန်ပါ အစားအစာများကို ကျွေးမွေးနိုင်မည်ဖြစ်ပါသည်။



ကောက်ရိုးမြေဆွေး ပြုလုပ်ပုံအဆင့်ဆင့်အား တောင်သူများထံ မျှဝေပေးစဉ်။

**အာဟာရဖြည့် နွားစာတုံးပြုလုပ်ခြင်း**

အာဟာရဖြည့်နွားစာတုံးဆိုသည်မှာ ကောက်ရိုးကို ပဲဖတ်၊ နှမ်းဖတ်၊ ကစီဓာတ်နှင့် ဆားရောပြီး အတုံးပြုလုပ်ထားခြင်းဖြစ်သည်။ ထိုအာဟာရဖြည့် နွားစာတုံးမှာ ကောက်ရိုး ၈၅ ရာခိုင်နှုန်း၊ ပဲဖတ်/နှမ်းဖတ် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ကစီဓာတ် (ကော်မှုန့်) ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဆားတစ်ရာခိုင်နှုန်းနှင့် အာဟာရစုံ နှစ်ရာခိုင်နှုန်းရောစပ်ပြီး ဟိုက်ဒရောလစ်ဖိအားဖြင့် ဖိနှိပ်ပြုလုပ်ထားခြင်းဖြစ်သည်။ ဥပမာ အာဟာရဖြည့်နွားစာတုံး ပိဿာ ၁၀၀ ပြုလုပ်မည်ဆိုလျှင် ယူရီးယားမြေသြဇာ၊ ရေဖြင့်နှပ်ထားသည့် ကောက်ရိုး ၈၅ ပိဿာ၊ ပဲဖတ် သို့မဟုတ် နှမ်းဖတ် ၄ ဒသမ ၅ ပိဿာ၊ ဆန်မှုန့် သို့မဟုတ် ဂျုံမှုန့်၊ ဖွဲနုမှုန့် ၇ ဒသမ ၅ ပိဿာ၊ ဆားတစ်ပိဿာ၊ အာဟာရစုံသတ္တုဓာတ်အရော နှစ်ပိဿာနှင့် ရောစပ်ရန်လိုပါသည်။ မြေပဲရိုး၊ ပဲစင်းငုံရိုး၊ ပဲလွမ်းရိုး စသည့် ဘေးထွက်ပစ္စည်းများပါရော၍ ထည့်နိုင်ပါသည်။ အညာဒေသ၌ ဒေသထွက် ကောက်ပဲသီးနှံအရွက်၊ အရိုးအပြင် အခြားအာဟာရဖြစ်စေသည့် အရွက်၊ အရိုးများကိုပင် လက်တွေ့အသုံးပြုကြကြောင်း တွေ့ရသည်။ ကျွဲ၊ နွားများပင်ပန်းပြီး အားအင်ကုန်ခန်းသည့်အခါ ကျွေးမွေးရန်၊ ခရီးသွားသည့်အခါ အလွယ်တကူ သယ်ယူနိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါသည်။

**မြေဆွေးပြုလုပ်ခြင်း**

ကောက်ရိုးများကို မြေဆွေးပြုလုပ်ခြင်းသည်လည်း အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ကိုင်နေသူများအတွက် အလွန်အရေးပါပါသည်။ စပါးစိုက်တောင်သူများအတွက်လည်း ရရှိလာသော မြေဆွေးများကို မိမိတို့စိုက်ခင်းများတွင် ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် မြေသြဇာကုန်ကျစရိတ်ကို များစွာသက်သာစေပါသည်။

ကောက်ရိုးများကို စုဆောင်းပြီး ကောက်ရိုးမြေဆွေး ပြုလုပ်မည့်နေရာကို ရွေးချယ်ရာတွင် ထိုနေရာသည် ရေလွှမ်းမိုးမှုမရှိသော နေရာဖြစ်ရပါမည်။ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်မှာ ပထမအလွှာကို ကောက်ရိုးများဖြင့် ဖြန့်ခင်းပါ။ ကောက်ရိုးများ အလွန်ခြောက်သွေ့နေပါက ရေလောင်းပြီး ဖိသိပ်ပါ။ အီးအမ်ဖျော်ရည်ကို နှံ့စပ်စွာပက်ဖျန်းပါ။ သို့သော် အလွန်အမင်း မများစေရပါ။ ထို့နောက် ဒုတိယအလွှာကို ကောက်ရိုး၊ ဗေဒါပင်၊ ငှက်ပျောရွက်တို့ဖြင့် ဖြန့်ခင်းပါ။ ထိုနည်းအတိုင်း စုစုပေါင်း ခြောက်လွှာ ပြုလုပ်ရပါမည်။

အီးအမ်ဖျော်ရည်နှင့် ရေကို နှံ့စပ်စွာ ထပ်မံပက်ဖျန်းပါ။ နောက်ဆုံးအဆင့်အနေဖြင့် ကောက်ရိုးမြေဆွေးပုံကို ပလတ်စတစ်ဖြင့် ဖုံးအုပ်ပါ။ သဘာဝမြေသြဇာပုံကို မကြာခဏ စစ်ပေးပါ။ အကယ်၍ ခြောက်သွေ့နေလျှင် ရေဖျန်းပေးရပါမည်။ တစ်လခွဲကြာလျှင် သဘာဝမြေသြဇာပုံကို ဘေးဘယ်ညာ၊ အထက်အောက်ပြောင်းပြန်လှန်ပေးပါ။ သုံးလမှ ငါးလကြာလျှင် အသုံးပြုရန် အဆင်သင့်ဖြစ်ပြီဖြစ်ပါသည်။ ထိုသို့ သဘာဝကောက်ရိုးမြေသြဇာကို တောင်သူများ စနစ်တကျ လုပ်ဆောင်ကြမည်ဆိုပါက ဓာတ်မြေသြဇာသုံးစွဲမှုကို အထိုက်အလျောက် လျှော့ချသုံးစွဲနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကုန်ကျစရိတ် လျော့နည်းလာမည်ဖြစ်ပါသည်။

> ❖ သဘာဝကောက်ရိုးမြေသြဇာကို တောင်သူများ စနစ်တကျ လုပ်ဆောင်ကြမည်ဆိုပါက ဓာတ်မြေသြဇာသုံးစွဲမှုကို အထိုက်အလျောက် လျှော့ချသုံးစွဲနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကုန်ကျစရိတ် လျော့နည်းလာမည်ဖြစ်
>
> ❖ ကောက်ရိုးမှိုသည် အရောင်းအဝယ်လိုက်သဖြင့် မှိုစိုက်သူများ အတွက် ဝင်ငွေလည်းရ အဆင်လည်းပြေစေသည့် နည်းလမ်း တစ်ခုပင်ဖြစ်

**ကောက်ရိုးမှိုစိုက်ပျိုးခြင်း**

ကောက်ရိုးမှိုသည် မြန်မာလူမျိုးတို့ နှစ်သက်စွာစားသုံးကြပြီး ကောက်ရိုးမှို စိုက်ပျိုးခြင်းသည် မြန်မာလူမျိုးတို့နှင့် မစိမ်းပါ။ သဘာဝအလျောက် ကောက်ရိုးပုံ၊ ကောက်ရိုးပြတ်ပုံ၊ နှမ်းပြောင်းရိုးပုံ၊ ဂုန်လျှော်အဆွေးပုံများမှ အလိုအလျောက် ကောက်ရိုးမှိုများ ပွင့်လာသည်ကို တွေ့ရတတ်ပေသည်။ ကောက်ရိုးမှိုသည် စိုက်ပျိုးရလွယ်ပြီး ဈေးကွက်လည်းရှိသဖြင့် ကောက်ရိုးမှို စိုက်နည်းကို တင်ပြလိုက်ပါသည်။

ကောက်ရိုးမှို ပြုလုပ်ရန်အတွက် သန့်ရှင်းခြောက်သွေ့သော ကောက်ရိုးများကို အလျားသုံးပေ၊ အချင်း ရှစ်လက်မမှ ၁၀ လက်မအရွယ် အထုံးများရရှိအောင် ကျစ်လျစ်စွာထုံးပြီး တစ်ညရေစိမ်ကာ ရေစစ်ထားရပါမည်။ ပထမအလွှာအတွက် ကောက်ရိုးထုံး ခုနစ်ထုံးကို ကပ်၍စီပါ။ အလွှာ၏ ဘေးနားပတ်လည်မှ သုံးလက်မအကွာတွင် မှိုမျိုးတစ်ထုပ်ကို ဖြူးထည့်ပေးပါ။ ဒုတိယအလွှာအတွက် ကောက်ရိုးထုံး ခုနစ်ထုံးကို ကန့်လန့်ဖြတ်ဖြန့်ခင်းပြီး မှိုမျိုးတစ်ထုပ်ကို ပထမအလွှာကဲ့သို့ ထည့်ပေးရပါမည်။ ထိုနည်းအတိုင်း အလွှာငါးလွှာအထိ ထပ်စီရပါမည်။ အပေါ်ဆုံးအလွှာတွင် မှိုမျိုးထည့်ရန်မလိုပါ။

မှိုမျိုးထည့်ပြီးသော ကောက်ရိုးထုံးအပုံကို ပလတ်စတစ်ဖြင့်အုပ်ပြီး သက်ငယ်ဖြင့် ထပ်မံအုပ်ပေးရပါမည်။ စိုက်ပျိုးပြီး ၁၄ ရက်၊ ၁၅ ရက်ခန့်အကြာတွင် မှိုများကို စတင်ခူးနိုင်ပါပြီ။ အနည်းဆုံး လေးကြိမ်မှ ခြောက်ကြိမ်၊ ရှစ်ကြိမ်အထိ ခူးနိုင်ပါသည်။ မှိုအထွက်နှုန်းမှာ တစ်ပိဿာခွဲမှ သုံးပိဿာအထိ ထွက်ရှိနိုင်ပါသည်။ ကောက်ရိုးမှိုသည် အရောင်းအဝယ်လိုက်သဖြင့် မှိုစိုက်သူများအတွက် ဝင်ငွေလည်းရ အဆင်လည်းပြေစေသည့် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

**ကောက်ရိုးစက္ကူပြုလုပ်ခြင်း**

စက္ကူကို ဝါးပင်ကသာ အဓိကရရှိကြောင်း မိမိတို့ သိရှိခဲ့ကြပြီးဖြစ်ပါသည်။ သို့သော် စက္ကူကို ကောက်ရိုးမှ ထုတ်လုပ်၍ရသည်ကိုမူ သိရှိသူနည်းပါးပါလိမ့်မည်။ မှန်ပါသည်။ ကောက်ရိုးကနေ စက္ကူထုတ်လုပ်၍ ရပါသည်။ ထိုသို့ အဖိုးတန်သောကောက်ရိုးမှ စက္ကူထုတ်လုပ်နည်း အဆင့်ဆင့်ကို တင်ပြပေးပါမည်။

စက္ကူထုတ်လုပ်ရန်အတွက် လိုအပ်သောပစ္စည်းများမှာ ကောက်ရိုး၊ တာကမ်ပေါင်ဒါ၊ ဆိုဒီယမ်ဆီလီကိတ်၊ ပိုတက်ဆီယမ်ဟိုက်ဒရောဆိုက်၊ ကျောက်ချဉ်၊ ထင်းရှူးဆီ၊ ဆိုဒါမှုန့်၊ ကစီဓာတ်နှင့် ဆိုးဆေးများဖြစ်ပါသည်။ လိုအပ်သောစက်ပစ္စည်းများမှာ ပျော့ဖတ်ကြိတ်စက်၊ စက္ကူပုံသွင်းစက်၊ ရေညှစ်စက်၊ အချောကိုင်စက်နှင့် စက္ကူဖြတ်စက်တို့ ဖြစ်ပါသည်။

ပထမဦးစွာ ကောက်ရိုးများကို ပိုတက်ဆီယမ်ဟိုက်ဒရောဆိုက် ၁၅ ရာခိုင်နှုန်းရော၍ ငါးနာရီကြာ ပြုတ်ပေးရပါမည်။ ပြုတ်ပြီးသားကောက်ရိုးများကို ရေဆေးပေးရပါမည်။ ပါဝင်သော ဓာတုပစ္စည်းများကိုလည်း ပြင်ဆင်ထားပါ။ ထို့နောက် ပျော့ဖတ်ကြိတ်စက်ထဲသို့ ရေတစ်ဝက်ခန့်ဖြည့်ပြီး ကောက်ရိုးများကို ၁၀ နာရီကျော်ခန့် ကြိတ်ချေပါ။

ပြီးလျှင် ပါဝင်သော ဓာတုပစ္စည်းတစ်မျိုးချင်းစီထည့်၍ ငါးမိနစ်ခန့်စီ ကြိတ်ချေပါ။ ထို့နောက် ၁၅ မိနစ်ခန့်

*စာမျက်နှာ ၁၁ သို့*

# နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSME လုပ်ငန်းများ တိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ပံ့ပိုးပေးလျက်ရှိ

မကွေး ဇူလိုင် ၃၀

**မကွေးတိုင်းဒေသကြီးအတွင်း ထုတ်လုပ်မှု၊ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများအတွက် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန်နှင့် ကုန်ကျစရိတ်လျှော့ချပြီး စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းစေရန် ရည်ရွယ်၍ စွမ်းအင်ခြိုးခြံချွေတာခြင်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်အရ စိုက်ပျိုးရေးကဏ္ဍ၊ MSME ကဏ္ဍတို့မှ အလားအလာရှိသော ထုတ်ကုန်များကို ရွေးချယ်ပြီး လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်း၊ အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်သည် အဓိကအရေးပါသည့် သွင်းအားစုတစ်မျိုးဖြစ်ပြီး စွမ်းအင်လုံလောက်စွာ ရရှိရန်နှင့် ရရှိသည့်စွမ်းအင်ကို ထိထိရောက်ရောက် အကျိုးရှိစွာသုံးစွဲရန် လိုအပ်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်း၌ရှိသည့် MSME လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများအနေနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲခြင်းဆိုင်ရာ အသိပညာများတိုးပွားလာပြီး မိမိတို့လုပ်ငန်းတွင် အကျိုးအမြတ်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ယခုဆွေးနွေးပွဲကို ပြင်ပပညာရှင်များအား ခေါ်ယူကာ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် သက်ဆိုင်ရာ လုပ်ငန်းရှင်များက အသိပညာပေးခြင်း၊ ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်ကို(ဖန်ခါးမြေ)**

## ဖြူးမြို့နယ်၌ ကောက်ရိုးယူရီးယားပြုလုပ်ပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြ

**ဖြူး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ကျွဲ၊ နွားများအတွက် အစာအဖြစ် ကျွေးမွေးရာတွင် ကျွဲ၊ နွားများ ကိုယ်အလေးချိန်တိုးတက်စေခြင်း၊ မျိုးပွားမှုဆိုင်ရာ ကောင်းမွန်စေခြင်း၊ နို့စားနွားများ နို့ထွက်နှုန်း မြင့်မားစေခြင်းနှင့် အသားတိုးနွားများ အသားထွက်နှုန်းမြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေသော ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်း လက်တွေ့သရုပ်ပြသခြင်းများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်က ကျီးမနိုးကျေးရွာ၌ လက်တွေ့သရုပ်ပြသခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးငြိမ်းအောင်နှင့် ဝန်ထမ်းများက အဆိုပါကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာတောင်သူများနှင့် မွေးမြူရေးသမားများကို ကောက်ရိုးကို ယူရီးယား ပြုလုပ်ကျွေးမွေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားပြီး ပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ မိုးသခွားသီး စီးပွားဖြစ်စိုက်ပျိုးသူများပြား

**ကျိုက်မရော ဇူလိုင် ၃၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာ၌ မိုးသခွားသီး စီးပွားဖြစ်စိုက်ပျိုးသူ တောင်သူများအနေဖြင့် မိုးကောင်း၍ အထွက်နှုန်းကောင်းသဖြင့် မိသားစုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

သခွားသီးကို နယုန်လဆန်းပိုင်းကစတင်၍ မျိုးစေ့ချကာ ရက်ပေါင်း ၂၀ ခန့်ကြာလာလျှင် အညွန့်များ ထွက်လာပြီး တိုင်ထောင်ပေးရကြောင်း၊ သခွားပင်များ အပွင့်စပွင့်ချိန်၌ အသီးအားတိုးဆေး ဖျန်းပေးရကြောင်း၊ စိုက်ပြီး တစ်လကြာသောအခါ သခွားသီးအကင်းလေးများ စတင်ထွက်ရှိလာပြီး ရက်ပေါင်း ၄၅ ရက်ကြာပါက သခွားသီးများ လှိုင်လှိုင်ထွက်ရှိကာ ဈေးကွက်အတွင်း စတင်ရောင်းချနိုင်ပြီဖြစ်ကြောင်း ကလိုင်းကနိုင်ကျေးရွာမှ သခွားသီးစီးပွားဖြစ်စနစ်တကျ စိုက်ပျိုးသူ ဦးကရင်က ပြောသည်။

သခွားသီး ထွက်ရှိချိန်တွင် တစ်ရက်ခြား တစ်ကြိမ် ခူးရပြီး တစ်ကြိမ်ခူးလျှင် ပိဿာချိန် ၈၀ မှ ၁၀၀ ခန့်ရရှိ၍ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ရရှိသောကြောင့် မိသားစုအပိုဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကို ကြည့်ပြီး တပ်မတော်နဲ့အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"**ခေါင်းစဉ်ဖြင့် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသော ပြည်သူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ထပ်မံကြိတ်ချေခြင်းဖြင့် ကောင်းမွန်သော ပျော့ဖတ်ကို ရရှိစေပါသည်။ ရရှိလာသော ပျော့ဖတ်များကို ပလတ်စတစ်ကန်ထဲသို့ထည့်ပါ။ ပျော့ဖတ်များကို မိမိပြုလုပ်မည့် စက္ကူပမာဏအတိုင်း ချိန်တွယ်၍ ပုံစံခွက်ထဲသို့ထည့်ခြင်းဖြင့် စက္ကူအစိုကိုရရှိပါမည်။ ပုံစံခွက်ထဲမှ စက္ကူအစိုများကိုယူပြီး တစ်ချပ်ချင်း အဝတ်စပါးပါးဖြင့်ခံ၍ ထပ်ထားပါ။ စက္ကူအစိုတွင်ရှိသော ရေများကုန်စင်သွားစေရန် ဟိုက်ဒရောလစ်ဖိစက်ဖြင့် ရေများဖိထုတ်ပါ။ ထို့နောက် တစ်နာရီခန့် နေလှန်းပြီး အရိပ်ထဲတွင် တစ်ညချိတ်ဆွဲထားပါ။ ပြီးလျှင် စက္ကူအရောင်တင် ချောမွေ့စက်တွင်ထည့်ကာ ချောမွေ့အောင် ပြုလုပ်ပါ။ နောက်ဆုံးအဆင့်အနေဖြင့် မိမိအလိုရှိသည့် စက္ကူအရွယ်အစားအတိုင်း စက္ကူဖြတ်စက်ဖြင့် ဖြတ်တောက်ပြီး အသုံးပြုနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၅ သန်းရှိပါသည်။ ကောက်ရိုးထွက်ရှိမှုအနေဖြင့် လယ်တစ်ဧကလျှင် ကောက်ရိုးနှစ်တန်ထွက်ရှိသောကြောင့် စပါးရိတ်သိမ်းပြီးချိန်တွင်ကောက်ရိုးတန်သန်း ၃၀ ရရှိပါမည်။ တန်သန်း ၃၀ သည် ပိဿာအားဖြင့် ၁၈၃၇ ဒသမ ၂ သန်း ရှိပါသည်။ တိရစ္ဆာန်များကို အစာကျွေးမွေးမှုတွက်ချက်ကြည့်ပါက ကျွဲတစ်ကောင်လျှင် တစ်ရက်အတွက် ကောက်ရိုး ခုနစ်ပိဿာနှုန်းဖြင့် ကျွေးမွေးရပါသည်။ ထို့ကြောင့် ကျွဲတစ်ကောင်ကို တစ်နှစ်ပတ်လုံးကျွေးမွေးရန် ကောက်ရိုး ၂၅၅၅ ပိဿာကုန်ကျပါမည်။ ထို့ကြောင့် ကောက်ရိုး တန်သန်း ၃၀ အတွက် ကျွဲ ၇၁၉၀၆၀၆ ကောင်ကို ကျွေးနိုင်ပါမည်။ ထို့အတူ နွားတစ်ကောင်လျှင် တစ်ရက်အတွက်ကောက်ရိုး ခြောက်ပိဿာနှုန်းဖြင့် ကျွေးပါက တစ်နှစ်လျှင် ကောက်ရိုး ပိဿာ ၂၁၉၀ ကုန်ကျပါမည်။ ထို့ကြောင့် ကောက်ရိုး တန်သန်း ၃၀ အတွက် နွား ၈၃၈၉၀၄၁ ကောင်ကို ကျွေးနိုင်ပါမည်။ လယ် ၁၀ ဧကရှိသော တောင်သူများအတွက် ကောက်ရိုးတန် ၂၀ ထွက်ရှိပါမည်။ ကျွဲ၊ နွားများကို သတ်မှတ်ထားသော ပမာဏအတိုင်းကျွေးပါက တစ်နှစ်ပတ်လုံး ကျွဲငါးကောင် သို့မဟုတ် နွားခြောက်ကောင်ကို လုံလောက်အောင် ကျွေးမွေးနိုင်ပါသည်။

ကောက်ရိုးဖြင့် စက္ကူလုပ်ရာတွင် အထက်ပါ စက္ကူလုပ်နည်းအတိုင်း ဆောင်ရွက်ပါက ကောက်ရိုး တစ်ပိဿာလျှင် ပျော့ဖတ် ၅၀ ကျပ်သား ရှိပါမည်။ ထို့ကြောင့် ယခုနှစ်တွင် စိုက်ပျိုးထားသော စပါးလယ် ၁၅ သန်းအတွက် ကောက်ရိုးတန်ချိန် သန်း ၃၀ (၁၈၃၇ ဒသမ ၂ ပိဿာသန်း) ထွက်ရှိပါမည်။ ကောက်ရိုးပိဿာ ၁၈၃၇ ဒသမ ၂ သန်းအတွက် ပျော့ဖတ်ပိဿာ ၉၁၈ ဒသမ ၆ သန်းရရှိပါမည်။ ကောက်ရိုးပျော့ဖတ်များဖြင့် တန်ဖိုးမြင့်စက္ကူထုတ်ကုန်များ ပြုလုပ်သုံးစွဲနိုင်သောကြောင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြင့် နိုင်ငံခြားငွေ သုံးစွဲရမှုကို များစွာသက်သာစေမည်ကို တွေ့ရှိနိုင်ပါသည်။

စိုက်ပျိုးထားသော မိုးစပါး ၁၅ သန်းမှ ထွက်ရှိလာသောကောက်ရိုးတန် သန်း ၃၀ ကို ကျွဲ၊ နွားများကို ၅၀ ရာခိုင်နှုန်း၊ စက္ကူပျော့ဖတ်အတွက် ၅၀ ရာခိုင်နှုန်း အသုံးပြုပါက ကောက်ရိုးတန် ၁၅ သန်း (ပိဿာ ၉၁၈ ဒသမ ၆ သန်း)ရရှိပါမည်။ ကျွဲတစ်ကောင်လျှင် တစ်ရက် ခုနစ်ပိဿာနှုန်းဖြင့် တစ်နှစ်ပတ်လုံးကျွေးပါက ကျွဲစုစုပေါင်း ၃၅၉၅၃၀၃ ကောင် ကျွေးနိုင်ပါမည်။ နွားတစ်ကောင်လျှင် တစ်ရက် ခြောက်ပိဿာနှုန်းဖြင့် တစ်နှစ်ပတ်လုံးကျွေးပါက နွားကောင်ရေ ၄၁၉၄၅၂၀ ကို ကျွေးနိုင်ပါမည်။ ကျန်ကောက်ရိုးတန် ၁၅ သန်းကို စက္ကူပျော့ဖတ်ပြုလုပ်ပါက တန်ချိန် ၇ ဒသမ ၅ သန်းရရှိပါမည်။ စပါးပင်ဘေးထွက်ပစ္စည်းဖြင့် တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးနိုင်ပါက ကုန်ကျစရိတ်ကို များစွာသက်သာစေနိုင်သည့်အပြင် ကောက်ရိုးပျော့ဖတ်ကို ဆောင်ရွက်နိုင်ပါက စပါးစိုက်ပျိုးသည့်တောင်သူများ ဝင်ငွေတိုးတက်စေပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိစေနိုင်ပါသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးစားသုံးသည့်နိုင်ငံဖြစ်ပါသည်။ စပါးမှ ဆန်ရရှိသကဲ့သို့ ကျန်ရှိခဲ့သော ကောက်ရိုးသည်လည်း စွန့်ပစ်စရာမလိုဘဲ နည်းလမ်းပေါင်းစုံဖြင့် အကျိုးပြုလျက်ရှိရာ စပါးတစ်ပင်လုံးသည် လူသားတို့အတွက် အသုံးဝင်သော အဖိုးတန်အပင် ဖြစ်ပါသည်။ ကောက်ရိုးသည် ကျွဲ၊ နွားများအတွက် အစားအစာဖြစ်သကဲ့သို့ စနစ်တကျ အသုံးချနိုင်လျှင် လူသားတို့အတွက် အကျိုးရှိသော ကုန်ကြမ်းပစ္စည်းများအဖြစ် လူမှုစီးပွားဘဝများ တိုးတက်လာစေရန် အထောက်အပံ့များဖြစ်ပါသည်။ ထို့ကြောင့် ကောက်ရိုးများကို မီးရှို့ပစ်ခြင်းမပြုလုပ်ကြဘဲ ဖော်ပြခဲ့သော နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အဖိုးတန်ရွှေကောက်ရိုးများကို အကျိုးရှိစွာ အသုံးချနိုင်ကြပါရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ ဘီလီယံရရှိ




**အဒစ်အဘာဘာ ဇူလိုင် ၃၀**
အီသီယိုးပီးယားလေကြောင်းလိုင်းသည် ဇူလိုင် ၇ ရက်တွင် ကုန်ဆုံးခဲ့သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ငွေပမာဏသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းအဖွဲ့၏ အမှုဆောင်အရာရှိချုပ် မက်စ်ဖင်း တက်စ်ဆူးသည်က တနင်္လာနေ့တွင် ပြောသည်။ ယင်းကာလအတွင်း လေကြောင်းလိုင်းသည် ၅၇၇၇၇၄၆ နာရီ ပျံသန်းခဲ့ပြီး ယမန်နှစ်က စုစုပေါင်း ပျံသန်းသည့် နာရီ နှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း တိုးလာကြောင်း အမှုဆောင်အရာရှိချုပ် တက်စ်ဆူးသည်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အီသီယိုးပီးယား လေကြောင်းလိုင်းသည် ယင်းကာလအတွင်း နိုင်ငံတကာခရီးသွား ၁၃ ဒသမ ၄ သန်းအပါအဝင် ခရီးသည် ၁၇ ဒသမ ၁ သန်းကို ပို့ဆောင်နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ ဘီလီယံရရှိခဲ့ကြောင်း ၎င်းကပြောသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဗုံးလှန့်မှုဖြစ်ပွားပြီးနောက် ခရီးသည်တင်ရထားတစ်စင်း ရပ်နားခဲ့ရ



**နယူးဒေလီ ဇူလိုင် ၃၀**
ရထားအတွင်း၌ ဗုံးတစ်လုံး တပ်ဆင်ထားကြောင်း ဖုန်းခေါ်ဆိုမှု ဒေသရဲတပ်ဖွဲ့က လက်ခံရရှိပြီးနောက် အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်း ရပ်နားခဲ့ရကြောင်း ဒေသခံရဲအရာရှိတစ်ဦးက အင်္ဂါနေ့တွင် အတည်ပြုပြောသည်။

ဂျမ်မူဒေသမှ နိုင်ငံအနောက်ပိုင်း ရာဂျာစသန်ပြည်နယ် ဂျော့ပေါလ်မြို့သို့ ဦးတည်ထွက်လာသော အဆိုပါခရီးသည်တင်ရထားကို စေ့စပ်သေချာစွာ စစ်ဆေးမှုများပြုလုပ်ရန် ပန်ဂျပ်ပြည်နယ် ဖီရိုဇီပေါခရိုင်တွင် ရပ်တန့်စေခဲ့သည်။

ဖီရိုဇီပေါရဲတပ်ဖွဲ့က ကာဆူဘဲဂူဘူတာရုံ၌ ရထားတစ်စင်း ရပ်နားသည်ဟူသော သတင်း လက်ခံရရှိခဲ့ကြောင်း၊ ထို့နောက်တွင် အခင်းဖြစ်ပွားသည့် နေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြောင်း၊ ယင်းနေရာအနီး တစ်ဝိုက်ကို ပိတ်ဆို့ထားကြောင်းနှင့် ခရီးသည်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ပန်ဂျပ်ရဲတပ်ဖွဲ့မှ ဗုံးရှင်းလင်းရေးအဖွဲ့ သုံးဖွဲ့ အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိလာကြောင်း အကြီးတန်း ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ဒေသမီဒီယာသို့ ပြောသည်။

**ဆင်ဟွာ**

# တရားမဝင် စက်သုံးဆီတင်ဆောင်လာသော နိုင်ငံခြား ရေနံတင်သင်္ဘောကို အီရန်ဖမ်းဆီး

**တီဟီရန် ဇူလိုင် ၃၀**
အီရန်အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ် (အိုင်အာရ်ဂျီစီ) သည် ပါရှန်ပင်လယ်ကွေ့မြောက်ဘက်တွင် တရားမဝင် စက်သုံးဆီ ၇၀၀၀၀၀ လီတာကျော် တင်ဆောင်လာသော နိုင်ငံခြားရေနံတင်သင်္ဘောတစ်စင်းကို ဖမ်းဆီးခဲ့ကြောင်း တနင်္လာနေ့က Sepah News ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် နေထိုင်ပြီး အီရတ်နိုင်ငံသားတစ်ဦးပိုင်ဆိုင်သော တိုဂိုအလံတင် Pearl G သင်္ဘောကို အိုင်အာရ်ဂျီစီရေတပ်က သောကြာနေ့ နံနက်ပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရေနံတင်သင်္ဘောနှင့် အိန္ဒိယနိုင်ငံသား သင်္ဘောအမှုထမ်း ကိုးဦးကို အီရန်နိုင်ငံ အနောက်တောင်ပိုင်း ခူးဇက်စတန်ပြည်နယ် အီမန်းခိုးမိုင်နီဆိပ်ကမ်းသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အီရန်ရေတပ်သည် တရားမဝင် တင်ဆောင်လာသော စက်သုံးဆီသင်္ဘောအများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ ဒေသအများအပြားတွင် အပူချိန်မြင့်တက်

**တိုကျို ဇူလိုင် ၃၁**
ဂျပန်နိုင်ငံဒေသအတော်များများတွင် အပူချိန်မြင့်တက်လျက်ရှိရာ အပူချိန်သည် ကျူးရှူးတွင် ၃၉ ဒီဂရီဆဲလ်စီးယပ်ကို ကျော်လွန်ရောက်ရှိလာသည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့၌ ဇူလိုင် ၃၀ ရက်တွင် နေသာပြီး အပူချိန်မှာ ရုတ်တရက် မြင့်တက်လာခဲ့ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။ ကျူးရှူးမှ တိုဟိုကူဒေသအထိ နေ့အပူချိန်သည် စောင့်ကြည့် အပူချိန်ထက်ကျော်လွန်ပြီး ၃၅ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

ဘန်ကို - အိုနိုမြို့၊ အိုအီတခရိုင်တွင် အပူချိန်သည် ၃၉ ဒသမ ၂ ဒီဂရီထက် ကျော်လွန်ခဲ့သည်။ ရှီဇူအိုကာ ခရိုင်ဟာမာမက်ဆုမြို့တွင် အပူချိန်သည် ၃၈ ဒသမ ၉ ဒီဂရီအထိရှိကြောင်း သိရသည်။ တိုကျိုတွင်လည်း အပူချိန်သည် ၃၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

ညနေ ၆ နာရီအထိ အပူချိန်သည် ဒေသအတော်များများတွင် ၃၀ ဒီဂရီ သို့မဟုတ် ၎င်းထက် ပိုမိုမြင့်လျက်ရှိသည်။ ညအပူချိန်သည် ၂၅ ဒီဂရီ အထက်တွင်ရှိမည်ဟု မိုးလေဝသအရာရှိများက ပြောသည်။

ပြင်းထန်သော အပူချိန်များသည် ဇူလိုင် ၃၁ ရက်အထိ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း မိုးလေဝသ အရာရှိများက ဆက်လက်ပြောကြားသည်။

မိုးလေဝသ အေဂျင်စီနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ယင်းသတိပေးချက်တွင် တိုကျို၊ အိုဆာကာနှင့် ကာဂိုရှိမာအပါအဝင် ခရိုင်ပေါင်း ၂၆ ခုပါဝင်သည်။

**အင်န်အိတ်ချ်ကေ**





# အိန္ဒိယ၌ မုတ်သုံမိုးကြောင့် ရေကြီးမြေပြိုဖြစ်ပွားပြီး ၄၅ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇူလိုင် ၃၀**
အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကြောက်မက်ဖွယ်ကောင်းသော မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူ ၄၅ ဦးထက်မနည်း သေဆုံးခဲ့သည်။

တောင်ကုန်း ထူထပ်သော ဒေသများ၌ မြေပြိုမှုများ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းအထိဖြစ်ပွားခဲ့ကြောင်း ကီရာလာပြည်နယ် အာဏာပိုင်များက ပြောကြားခဲ့သည်။

ရွှံ့ရေများ လမ်းမများပေါ် အရှိန်ဖြင့် ဖြတ်သန်းစီးဆင်းနေခြင်းနှင့် အလုပ်သမားများက သစ်သားအပိုင်းအစများနှင့် အပျက်အစီးများ ရှင်းလင်းနေသည်ကို ရုပ်သံဖိုင်များတွင် တွေ့မြင်နိုင်သည်။

ပြိုကျပျက်စီးနေသော အိမ်များတွင် လူများ ပိတ်မိနေကြောင်းနှင့် တချို့ရွာများသည် ရေလွှမ်းမိုးမှုကြောင့် တသီးတခြား ဖြစ်နေကြောင်း ဒေသတွင်းမီဒီယာများတွင် သတင်းဖော်ပြထားသည်။

အရေးပေါ် အလုပ်သမားများနှင့် ရဲအရာရှိများသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ မုတ်သုံရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် လူသေဆုံးခြင်းနှင့် ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေသည်။

တောင်ကုန်း ထူထပ်သော မြောက်ပိုင်းပြည်နယ် ဟီမာချယ်ပရာဒက်ရှ်၌ လွန်ခဲ့သောနှစ်က မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် လူ ၅၀ ထက်မနည်း သေဆုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ ဇူလိုင် ၂၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လက်နက်ကြီးပစ်ခတ်မှုများမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် ကုက္ကိုခွကျေးရွာအုပ်စု အနီးဝန်းကျင်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း သိရသည်။

**လုပ်ကြံရေးသားဝါဒဖြန့်ဝေ**

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင်အခွန်ငွေကြေးကောက်ခံခြင်းနှင့် ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




---


# ပရဟိတအဖွဲ့များ၏ အကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် အသိပေး

**ရန်ကုန် ဇူလိုင် ၃၀**

ပရဟိတအဖွဲ့များ၏ ပုံစံအကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် ပရဟိတ ဆရာတော်တစ်ပါးဖြစ်သည့် သာသနာ့နွယ်ဖောင်ဒေးရှင်းမှ ဆရာတော်က လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

ယခုအခါ လူလိမ်များက ဂိုဏ်းအသွင်ဖွဲ့စည်းလျက် ဆရာတော်များ၏ ပုံစံတူအကောင့်တု၊ Page အတုများ၊ ပရဟိတဦးဆောင်သူများ၏ ပုံစံတူ အကောင့်တု၊ Page အတုများ၊ ပရဟိတအသင်းအဖွဲ့များ၏ ပုံစံတူအကောင့်တု၊ Page အတုများ ဖွင့်ကာ ကလေးလူနာပုံများ၊ လူကြီးလူနာပုံများပြလျက် လိုက်လံအလှူခံနေခြင်းများ ရှိနေကြောင်း ဆရာတော်က မိန့်ကြားထားသည်။

ယင်းကဲ့သို့ Online Shop ပုံစံတူအကောင့်တု၊ Page အတုများ ဖွင့်လှစ်လျက် ရလျှင်ရသလောက် အမျိုးမျိုးလိုက်လံလိမ်လည်နေကြသဖြင့် သေချာစွာ စိစစ်မေးမြန်းစုံစမ်းပြီးမှသာ အလှူငွေများ လွှဲအပ်လှူဒါန်းကြရန် အသိပေးထားသည်။




လိမ်လည်သူများမှ ပေးပို့လာသည့် မက်ဆေ့ချ်အတု။

ထို့အပြင် အမျိုးသမီးတစ်ဦးကလည်း ဆရာတော်၏ပို့စ်အောက်တွင် ငွေသားပမာဏမည်မျှဆုမဲငွေသားကံထူးသည့်အတွက် မက်ဆေ့ချ်ပေးပို့လာသော ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးရန် ဖုန်းနံပါတ်တစ်ခုမှ မကြာခဏ မက်ဆေ့ချ်ပေးပို့လျက်ရှိကြောင်း ဆိုသည်။

"တော်တော်လေး သတိထားနေရတယ်။ ဘာအထိမ်းအမှတ် အနေနဲ့ ဆုငွေပေါက်တာဆိုပြီး မက်ဆေ့ချ်ပို့လာတာ နှစ်ခါ သုံးခါရှိပြီ။ သူတို့ပို့လာတဲ့ ဆုငွေပေါက်တယ်ဆိုတဲ့ ပမာဏကလည်း မက်မောလောက်တဲ့ ပမာဏပဲ။ ဒါပေမယ့် လိမ်မှန်းသိတယ်။ သူတို့ကိုပြန်ပြီးတော့ ဆက်သွယ်ရင် KPay ကနေ ဘယ်လောက်ပို့ပေးပါ။ ဘယ်ကနေ ဘယ်လောက်ပို့ပေးပါဆိုပြီး လိမ်မှာ" ဟု ယင်းက ဆိုသည်။

**MT**

---

# စစ်ကိုင်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

စစ်ကိုင်းမြို့နှင့် ကျိုင်းတုံမြို့နယ် တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားအနီးတွင် JINBEI HAISE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် အောင်ညွှန့်ထံမှ ဘိန်းစိမ်း ၃၇ ဒသမ ၈ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်း ကျေးရွာအုပ်စု နောင်နွန်း (အာခါ) ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်စွာလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Min Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်နေ မင်းစိုးအောင်(ခ)မင်းမင်းအား ည ၇ နာရီ မိနစ် ၄၀ တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

**လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဖော်ထုတ်အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဇမ္ဗူရစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့်ငွေများလုယူခဲ့သည့်တရားခံများအား ပြစ်ဒဏ်များချမှတ်

**ရန်ကုန် ဇူလိုင် ၃၀**

ဇမ္ဗူရစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့်ငွေများ လုယူခဲ့သည့်တရားခံများအား ယနေ့တွင်ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်တရားရုံးမှ သိရသည်။

**ဖမ်းဆီးခေါ်ဆောင်သွားခဲ့**

ဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲတွင် ဦးမင်းဇော်ဦးနှင့်သားဖြစ်သူတို့က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေးရှိ ဇမ္ဗူရစ်ရွှေဆိုင်ကိုပိတ်ပြီး နေအိမ်သို့ ဈေးကြီးလမ်းအတိုင်း လမ်းလျှောက်ပြန်လာရာ ရေတွင်းကုန်း(၂) လမ်းသွယ်ထိပ်အရောက်တွင် ကားတစ်စီးပေါ်မှ ရဲဝတ်စုံများ ဝတ်ဆင်လာသော လူသုံးဦး ကားပေါ်မှဆင်းလာပြီး ဦးမင်းဇော်ဦး၏ခေါင်းကို ရိုက်နှက်၍ ဦးမင်းဇော်ဦးနှင့်အတူပါလာသော ရွှေထည်ပစ္စည်းမျိုးစုံတစ်ပိဿာခန့်၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၂၅၀ တို့နှင့်အတူ ကားပေါ်သို့ဆွဲတင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အောက်တိုဘာ ၉ ရက် နံနက်တွင် ရန်ကုန်-ပဲခူးကားလမ်းဘေး၊ ဇီးရိုးမိုင်အနီးတွင် ဦးမင်းဇော်ဦး၏ အလောင်းကို တွေ့ရှိသဖြင့် ရွှေထည်ပစ္စည်း၊ ငွေများအား လုယက်ယူဆောင်ပြီး လူကိုသေစေအောင်အထိ ပြုလုပ်ခဲ့သူ အမျိုးသား သုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၄ရက်တွင် အလုံခရိုင်တရားရုံးတွင် တရားစွဲလက်ခံစစ်ဆေးခဲ့သည်။

**အမိန့်ချမှတ်**

စစ်ဆေးပေါ်ပေါက်ချက်များအရ တရားခံ ဝိုင်းချစ်ကိုကို (ခ)ဖိုးသားလေး(ဘ)ဦးစန်းမြင့်၊ ကိုဖြိုး(ဘ)ဦးစံရှင်၊ ခိုင်ကိုမောင် (ဘ)ဦးစန်းမြင့်တို့အား ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီ၊ ရာဇသတ်ကြီး ပုဒ်မ၃၀၂(၁)(ဂ)အရ သေဒဏ်၊ တရားခံ ရွှေစင်ရွှေ(ခ) ရွှေစင် (ဘ)ဦးစန်းမြင့်၊ အောင်ဇေယျာပိုင်(ခ) အသေးလေး(ဘ)ဦးစန်းမြင့်၊ ကျော်သူဝင်း(ခ) ဗိုလ်ချဲ(ဘ)ဦးဝင်းကြည်တို့အား ရာဇသတ်ကြီးပုဒ်မ ၄၁၁ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့်ကျောင်း ၁၉ ကျောင်း ပြန်လည်ဖွင့်လှစ်

**ပခုက္ကူ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ရေများဝင်ရောက်ခဲ့၍ ယာယီပိတ်ထားရသော စာသင်ကျောင်း၂၅ ကျောင်းရှိရာ ဇူလိုင် ၂၉ ရက်မှစတင်ပြီး စာသင်ကျောင်း ၁၉ ကျောင်း ပြန်လည်ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။



ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် တဖြည်းဖြည်း ကျဆင်းလာမှုကြောင့် ဇူလိုင် ၂၉ ရက်က စတင်ပြီး ယနေ့အထိ ရေကျသွားသည့် မူလတန်း ၁၅ ကျောင်း၊ အလယ်တန်းသုံးကျောင်းနှင့်အထက်တန်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာ ၁၉ ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများအား ပုံမှန်အတိုင်း ပညာသင်ကြားပေးနေပြီ ဖြစ်ကြောင်း၊ မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အခြေခံပညာ ကျောင်းပေါင်း ၂၅ ကျောင်း ယာယီပိတ်ထားရကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများကိုလည်း မြစ်ရေကျဆင်းပါက ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## သထုံမြို့နယ် ဒုံ၀န်းကျေးရွာ၌ ရေနစ်မြုပ်နေသည့်နေရာများသို့ သောက်ရေသန့်ဘူးများ လိုက်လံပို့ဆောင်လှူဒါန်း

**သထုံမြို့ ဇူလိုင် ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် ဒုံ၀န်းကျေးရွာတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဘီးလင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းမှစတင်၍ ကျေးရွာ၏ အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်ကာ ယနေ့အချိန်ထိ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသည်။

အလှူရှင်ပြည်သူများ၏ ပံ့ပိုးကူညီမှုဖြင့် သောက်ရေသန့်ဘူးများကို နှောင်ကြိုးမဲ့လူမှုကူညီရေးအသင်းက ဇူလိုင် ၂၇ ရက်မှ စတင်၍ သောက်သုံးရေ အခက်အခဲရှိသောနေရာ၊ နေအိမ်များသို့ လိုက်လံပို့ဆောင်ပေးနေကြောင်း သိရသည်။

“ကျေးရွာရဲ့ အနိမ့်ပိုင်းရပ်ကွက် ၇ နဲ့ ၈ မှာ ရေမြုပ်နေတာ ငါးရက်ရှိပြီ။ ရေတွင်း၊ ရေကန်၊ အိမ်သာတွေပါ ရေမြုပ်နေတော့ သောက်သုံးရေအတွက် အခက်အခဲဖြစ်နေတာပါ။ ရေသန့်ဘူးကြီးတွေကို ဘုန်းတော်ကြီးကျောင်းနဲ့ လူနေအိမ်တွေကို လိုက်လံပို့ဆောင်ကူညီနေပါတယ်။ ရေလီတာ ၂၀ ဝင် ဘူးကြီး ၁၀၀၊ တစ်လီတာဝင် ခြောက်ဘူးပါ ရေကတ် ၁၈၀ ကို ပို့ဆောင်ပေးပြီးပါပြီ ” ဟု နှောင်ကြိုးမဲ့ပရဟိတလူမှုကူညီရေးအသင်းမှ တာဝန်ခံတစ်ဦးက ပြောသည်။



**ခွန်(ဝင်းပ)**



## ပန်းတနော်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်း ၉၇ ကျောင်း ယာယီပိတ်ထားရ

**ပန်းတနော် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၉၇ ကျောင်းကို ဇူလိုင် ၁၈ ရက်မှစတင်၍ ယနေ့အထိ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ပန်းတနော်မြို့နယ်အတွင်းရှိ အ.ထ.က လေးကျောင်း၊ အ.ထ.က– ခွဲ ခြောက်ကျောင်း၊ အ.လ.က နှစ်ကျောင်း၊ အ.လ.က– ခွဲ ခုနစ်ကျောင်း၊ မူလတန်း ၆၇ ကျောင်း၊ မူလွန်ကိုးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး နှစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၇ ကျောင်းတို့၏ ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများအတွင်း ရေဝင်မှုများဖြစ်ပေါ်ခြင်းကြောင့် ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေခံပညာကျောင်းများကို ရေပြန်လည်ကျဆင်းသည်အထိ ယာယီပိတ်ထားပေးခြင်းဖြစ်ပြီး ရေကျပြီးနောက် ကျောင်းပိတ်ရက်များတွင် အစားထိုး၍ ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

## စလင်းမြို့နယ်တွင် မြစ်ရေကြီးမှုကြောင့် ယာယီပိတ်ထားသော ကျောင်း ၃၄ ကျောင်းအနက် ခြောက်ကျောင်းပြန်ဖွင့်

**စလင်း ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အခြေခံပညာကျောင်း ၃၄ ကျောင်း ယာယီပိတ်ထားခဲ့ရာမှ အခြေခံပညာကျောင်း ခြောက်ကျောင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် မြေနိမ့်ပိုင်းကျေးရွာများမှ အခြေခံပညာကျောင်းပေါင်း ၃၄ ကျောင်းကို ယာယီပိတ်ထားခဲ့ရာ ယခုအခါ ဧရာဝတီမြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် အခြေခံပညာကျောင်းများဖြစ်သည့် မူလွန်မဲ့ရွာကျွန်း၊ အမက(မြောက်ကြူဝန်း)၊ အမကမြောက်မှရိုးကုန်း၊ အမကစစ်ကုန်း၊ အမကစမ်းတွင်းတို့တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် တင်ကျန်ရစ်သည့် ရွံ့နွံများ၊ အမှိုက်သရိုက်များကို ဆေးကြောရှင်းလင်းပြီးနောက် ဇူလိုင် ၃၀ ရက်တွင် ကျောင်းသင်ခန်းစာများကို ဆက်လက်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ ကျန်ရှိနေသေးသည့် အခြေခံပညာ စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရန်အတွက် နုန်းနှင့် အမှိုက်သရိုက်များကို ရှင်းလင်းလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မောင်လွင်(စလင်း)**

# မြစ်ရေကြီးမှုအခြေအနေများ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ **ဧရာဝတီမြစ်**ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **စစ်တောင်းမြစ်**ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ခြောက်ပေခွဲခန့် (၁၉၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ **ရွှေကျင်မြစ်**ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၉၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ပဲခူးမြစ်**ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ လေးပေခန့် (၁၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **သံလွင်မြစ်**ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခန့် (၁၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ငဝန်မြစ်**ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ **ငဝန်မြစ်**ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့်(၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **တိုးမြစ်**ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့နှင့်ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ချိန် သတိထားရမည့် မြွေဆိုးများအန္တရာယ်

သီဟစည်သူ

**"မြွေပူရာ ကင်းမှောင့်၊ ဘူးလေးရာ ဖရုံဆင့်" စသည့်စကားပုံအချို့သည် မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင် ဆိုစမှတ်ရှိကြသည်။ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသကဲ့သို့ ဒုက္ခတစ်ခု တွေ့ကြုံခံစားနေရချိန် အခြားသော ပူပင်သောကတစ်ခု ရောက်ရသည်ကို ဆိုလိုခြင်းပင်ဖြစ်သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံရှိဒေသ အတော်များများ၌ ရေကြီးရေလျှံမှု များဖြစ်ပေါ်နေချိန် ရေစီးနှင့်အတူ မျောပါလာတတ်သည့် အဆိပ်ပြင်းမြွေဆိုးများ၏ အန္တရာယ်ကိုလည်း သတိပြုရမည့်အချိန်ဟုပင် ဆိုနိုင်သည်။**

မြန်မာနိုင်ငံတွင် မြွေကိုက်ခံရမှုဖြစ်စဉ်များမှာ ဖွန်လနှင့် ဒီဇင်ဘာလတို့အကြား မိုးရာသီကာလ တစ်လျှောက်လုံးနှင့် မိုးအကုန် ဆောင်းဦးပေါက်ကာလတို့တွင် အများဆုံးဖြစ်ပွားလေ့ရှိကြောင်း လေ့လာမှုများအရ သိရသည်။ မိမိတို့နိုင်ငံတွင် ကျေးလက်တောရွာများ၌ နေထိုင်သူအများစုရှိရာ မိုးဦးကာလ လယ်ယာစိုက်ခင်းသို့ စတင်ဝင်ရောက်ချိန်နှင့် မိုးနှောင်းကာလ သီးနှံရိတ်သိမ်းချိန်တို့တွင် မြွေကိုက်ခံရမှုနှုန်း မြင့်မားလေ့ရှိသည်ဟုဆိုသည်။ ထို့အတူ မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုနှင့် မုန်တိုင်းများ တိုက်ခတ်ခြင်းတို့ကြောင့် အဆိပ်ပြင်း မြွေများ နေရာပြောင်းရွှေ့လာခြင်းနှင့် တောတောင်များအတွင်းမှတောင်ကျရေများစီးဆင်းလာချိန်တွင် သစ်ပင်များ၊ ထင်းတုံးများ၊ အမှိုက်သရိုက်များနှင့်အတူ မြွေများ မျောပါလာခြင်းတို့ကြောင့် လူတို့နေထိုင်ရာနေရာများသို့ မြွေများရောက်ရှိလာတတ်သည်။ ထို့အတူ ၎င်းတို့ခိုအောင်းကျက်စားရာ နေရာများတွင် ရေဝင်ရောက်သည့်အတွက် ဘေးလွတ်ရာ ပြောင်းရွှေ့ခိုအောင်းနေသည့် မြွေများနှင့် မိုးကာလတွင် ထွက်တတ်သည့် ပိုးကောင်ငယ်များ၊ ဖားများ၊ ကြွက်များ၊ ရှဥ့်များကို ရှာဖွေစားသောက်ရင်းဖြင့် နေအိမ်၊ အဆောက်အအုံ သို့မဟုတ် လူနေထိုင်ရာနေရာများသို့ ရောက်ရှိလာတတ်သည့် မြွေဆိုးများနှင့် ထိတွေ့မှုကြောင့် မြွေကိုက်ခံရသည့်ဖြစ်စဉ်များ မိုးရာသီကာလတွင် အဖြစ်များလေ့ရှိကြောင်း လေ့လာသူများက ဆိုသည်။




**မြွေအန္တရာယ်မှာ ပိုမိုဆိုးရွားလာနိုင်**

ကမ္ဘာ့ဒေသ အများအပြားတွင် အဆိပ်ရှိသောမြွေမျိုးစိတ်များ နေထိုင်ရာ နေရာများသည် လူတို့ နေထိုင်သွားလာ လုပ်ကိုင်ရသည့် နေရာများနှင့် သိသိသာသာ ထပ်တူကျနေလေ့ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးဧရိယာများတွင် မြွေများနှင့် ထိတွေ့ခြင်းကို လုံးဝ ရှောင်ကြဉ်ရန် မဖြစ်နိုင်ဘဲ ရာသီဥတု ဖောက်ပြန် ပြောင်းလဲလာခြင်းနှင့်အတူ တိုးပွားလာသည့် မြွေမျိုးစိတ်များ၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ကျက်စားနေထိုင်ရာနေရာများ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် မြွေအန္တရာယ်မှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

ကမ္ဘာပေါ်တွင် မြွေအမျိုးအစားပေါင်း ၂၇၀၀ ခန့်ရှိပြီး အမျိုးအစား ၃၅၀ ခန့်မှာ အဆိပ်ရှိမြွေဆိုးများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် မြွေအမျိုးအစား ၁၅၀ ခန့်ရှိပြီး အဆိပ်ပြင်းသော မြွေဆိုး အမျိုးအစားပေါင်း ၅၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါ အဆိပ်ပြင်းမြွေဆိုးများအနက် ၉၀ ရာခိုင်နှုန်းသည် မြွေပွေးများဖြစ်ပြီး ကျန်မြွေအမျိုးအစားများအနက် မြွေဟောက်၊ ငန်းတော်ကျား၊ တောကြီးမြွေဟောက်(ခ)ငန်းပုပ်၊ ပင်လယ်ဂျပ်မြွေ၊ သံကွင်းစွပ်၊ မြွေစိမ်းမြီးခြောက် အစရှိသည်တို့သည် အဆိပ်ပြင်း မြွေအမျိုးအစားများတွင် ပါဝင်သည်။

**အဆိပ်ပြင်း မြွေကိုက်ခံရမှုဖြစ်စဉ်များ**

ကမ္ဘာတစ်ဝန်းတွင် ခန့်မှန်းခြေ လူပေါင်း ၅ ဒသမ ၄ သန်းခန့်သည် နှစ်စဉ် မြွေကိုက်ခံရပြီး ၁ ဒသမ ၈ သန်းမှ ၂ ဒသမ ၇ သန်းအထိ အဆိပ်ပြင်းမြွေများ အကိုက်ခံရလျက်ရှိသည်။ မြွေကိုက်ခံရမှုကြောင့် လူပေါင်း ၈၁၄၁၀ မှ ၁၃၇၈၈၀ ခန့် နှစ်စဉ်သေဆုံးနေရပြီး ကိုယ်လက်အင်္ဂါများ ဖြတ်တောက်ခံရခြင်းနှင့် အခြားအမြဲတမ်းမသန်စွမ်းဖြစ်မှုမှာ သေဆုံးမှုနှုန်းထက် သုံးဆခန့်ပိုများသည်။

အာရှတိုက်သည် နှစ်စဉ် အဆိပ်ပြင်း မြွေကိုက်ခံရသူအရေအတွက် ၂၅၀၀၀၀ မှ တစ်သန်းကြားရှိသည်ဟု ခန့်မှန်းကြသည်။ အာရှတိုက်သည် လူဦးရေအများဆုံး ဖြစ်သည့်အပြင် အဆိပ်ပြင်း မြွေမျိုးစုံ နေထိုင်ရာနေရာလည်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ အဆိပ်ပြင်းမြွေအကိုက်ခံရမှုကြောင့် နှစ်စဉ်အာရှတိုက်ရှိ လူ ၁၅၀၀၀ မှ ၅၅၀၀၀ ကြား သေဆုံးနေပြီး အာဖရိက ဆာဟာရအောက်ပိုင်း၌ နှစ်စဉ်သေဆုံးသူဦးရေမှာ ၃၅၀၀ မှ ၃၂၀၀၀ ကြားရှိသည်ဟု ခန့်မှန်းကြသည်။

မြန်မာနိုင်ငံတွင်၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း နှစ်စဉ်လူဦးရေ ၉၀၀၀ ခန့် မြွေကိုက်ခံရပြီး အကိုက်ခံရသူများ၏ ၆၀၀ ခန့်(၇ ရာခိုင်နှုန်းခန့်)မှာ အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆေးရုံစာရင်းဇယားများအရ မြန်မာနိုင်ငံတွင် မြွေကိုက်ခံရမှုနှုန်း အများဆုံးသောဒေသများမှာ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပြီး သေပျောက်မှုအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးတွင်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သောသူများဖြစ်ကြပြီး မြွေကိုက်ခံရမှုနှုန်းမှာလည်း ကျေးလက်တောရွာဒေသများတွင် ပိုမိုများပြားသည်။ လူဦးရေထူထပ်ခြင်း၊ လယ်ယာလုပ်ငန်းခွင်များတွင် နေ့စဉ်အလုပ်လုပ်ကိုင်နေကြရခြင်း၊ အဆိပ်ရှိသော မြွေဆိုးများ ပေါများလာခြင်းနှင့် ကျန်းမာရေး ဗဟုသုတနည်းပါးခြင်းတို့ကြောင့်လည်း သေဆုံးမှုနှုန်းများရခြင်းဖြစ်သည်။

**သတိပြုကာကွယ်မြွေအန္တရာယ်**

အဆိပ်ပြင်း မြွေအကိုက်ခံရသူအများစုမှာ လယ်ယာ၊ တောင်ယာ စိုက်ပျိုးလုပ်ကိုင်သူများ၊ တိရစ္ဆာန်ထိန်းကျောင်းနေသူများ၊ ရေလုပ်သားများ၊ မြွေများကို ရှာဖွေဖမ်းဆီးနေသူများ၊ ကိုင်တွယ် ထိန်းသိမ်းနေရသူများနှင့် ကလေးသူငယ်များဖြစ်ကြသည်။ အထူးသဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီးနောက် ညအခါ အလင်းရောင်နည်းချိန် အကာအကွယ်နှင့် မီးအလင်းရောင်မပါဘဲ သွားလာတတ်သူများနှင့် ကလေးသူငယ်များ ဆော့ကစားရင်းဖြင့် မြွေများ ခိုအောင်းသည့်နေရာကို တုတ်များ၊ ခဲများဖြင့် ခြောက်လှန့်မိခြင်းကြောင့် မြွေကိုက်ခံရသည့်ဖြစ်စဉ်များ ဖြစ်လေ့ရှိသည်။ အဆိပ်ပြင်းမြွေများ အကိုက်ခံရပါက ကလေးငယ်များသည် ၎င်းတို့၏ ခန္ဓာကိုယ်ထုထည် သေးငယ်သောကြောင့် လူကြီးများထက် ပိုမိုပြင်းထန်သော သက်ရောက်မှုများကို ခံစားရနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြွေကိုက်ခံရမှုသည် နှစ်စဉ် လူ ၁၀၀၀ ခန့် သေဆုံးလျက်ရှိပြီး အသက်ရှင်ကျန်ရစ်သူ အချို့တွင်လည်း နာတာရှည် ကျောက်ကပ်ချို့ယွင်းမှုနှင့် အမြဲတမ်းရပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများ ခံစားရနိုင်သည်။ မြွေကိုက်ခံရမှုဖြစ်စဉ်များတွင် နံနက် ၄ နာရီမှ မွန်းတည့်ချိန်အထိ ၅၂ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်းလွဲမှ ညနေ ၆ နာရီအထိ ၂၈ ဒသမ ၇ ရာခိုင်နှုန်းနှင့် ညနေ ၆ နာရီမှ သန်းခေါင်ယံအချိန်အထိ ၁၈ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး နံနက်ပိုင်းတွင် အကိုက်ခံရပြီး သေဆုံးမှုနှုန်းမှာ ၇၂ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း မြန်မာနိုင်ငံ ဆေးသုတေသနဂျာနယ်ပါ လေ့လာမှုတစ်ရပ်အရ သိရသည်။

နှစ်စဉ် လူသန်းနှင့်ချီ၍ ထိခိုက်စေပြီး အပူပိုင်းဒေသနိုင်ငံ အများစုတွင် ဖြစ်ပွားနေသော မြွေကိုက်ခံရမှုနှင့်ဆက်စပ်သော ကျန်းမာရေးဆိုင်ရာပြဿနာကို ဖြေရှင်းရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ထိခိုက်သူအရေအတွက်ကို ၅၀ ရာခိုင်နှုန်းလျှော့ချရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လုပ်ဆောင်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးများကို ပြည်တွင်းလိုအပ်ချက်ထက် ကျော်လွန်အောင် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ သို့သော်လည်း ကျေးလက်ဒေသများတွင် ကျန်းမာရေးဆိုင်ရာ ဗဟုသုတနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ဆေးရုံဆေးခန်းများနှင့် လက်လှမ်းမမီခြင်း၊ ဆေးရုံဆေးခန်းများနှင့် ဝေးကွာခြင်းတို့ကြောင့် အချိန်မီ ဆေးကုသမှု ခံယူနိုင်ခြင်းမရှိသဖြင့် မြွေကိုက်ခံရခြင်းကြောင့် အသက်သေဆုံးမှုများ ရှိနေသည်။

**မြွေအန္တရာယ်ကာကွယ်ရေး**

ထို့ကြောင့် အဆိပ်ပြင်းမြွေ အကိုက်ခံရပါက မြွေဆိပ်ဖြေဆေးထိုးနိုင်ရန်အတွက် အကိုက်ခံရပြီးနောက် တစ်နာရီမှ သုံးနာရီအတွင်း နီးစပ်ရာဆေးရုံဆေးခန်းများသို့ ရောက်ရှိရန် အလွန်အရေးကြီးသည်။ ယခုကဲ့သို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေချိန်တွင် ရထားလမ်း၊ ကားလမ်းအများစုမှာ ရေကျော်နေခြင်းကြောင့် ဆက်သွယ်သွားလာရန် ခက်ခဲနေချိန်လည်းဖြစ်ရာ မြွေအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် အထူးသဖြင့် မြွေဆိုးများ ပေါများချိန်ဖြစ်သော မိုးရွာပြီးချိန်၊ ရေကြီးချိန်၊ စိုက်ပျိုး ရိတ်သိမ်းချိန်နှင့် ညအခါတွင် သတိဖြင့်သွားလာခြင်း၊ ညအခါ လမ်းလျှောက်သောအခါ ဖိနပ်ရှည်ရှည် ဝတ်ဆင်ခြင်း၊ ညအခါ ဓာတ်မီး၊ မီးအိမ်အသုံးပြုသွားလာခြင်း၊ ညအခါ မြေကြီးပေါ်၌ အိပ်စက်ခြင်းကိုရှောင်ကြဉ်ခြင်း၊ အိမ်အနီးအနားတစ်ဝိုက်တွင် မြွေများ ကြိုက်တတ်သည့် တိရစ္ဆာန်များမွေးမြူခြင်းကို ရှောင်ကြဉ်ခြင်း၊ တွင်းခေါင်း၊ သစ်ခေါင်းများအတွင်း လက်ဖြင့် နှိုက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ အိမ်အနီးအနားတစ်ဝိုက်တွင် မြွေများ မခိုအောင်းနိုင်အောင် အမှိုက်သရိုက်များအား ရှင်းလင်းခြင်း၊ ပပ်ကြားအက်များ၊

စာမျက်နှာ ၁၇ သို့

**မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သောသူများဖြစ်ကြပြီး မြွေကိုက်ခံရမှုနှုန်းမှာလည်း ကျေးလက်တောရွာဒေသများတွင် ပိုမိုများပြားသည်။ လူဦးရေထူထပ်ခြင်း၊ လယ်ယာလုပ်ငန်းခွင်များတွင် နေ့စဉ်အလုပ်လုပ်ကိုင်နေကြရခြင်း၊ အဆိပ်ရှိသော မြွေဆိုးများ ပေါများလာခြင်းနှင့် ကျန်းမာရေးဗဟုသုတနည်းပါးခြင်းတို့ကြောင့်လည်း သေဆုံးမှုနှုန်းများရခြင်းဖြစ်**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## မြန်မာစာ မြန်မာစကား

ပိုခြင်း

၆။ အခုဆက်လက်ပြီး ကျန်ရှိနေသေးသော သတင်းများကို ဦးကျော်ကျော်က ကြေညာလိမ့်မှာ ဖြစ်ပါတယ်။
အခုဆက်လက်ပြီး ကျန်ရှိနေသေးသော သတင်းများကို ဦးကျော်ကျော်က ကြေညာမှာ ဖြစ်ပါတယ်။ ✔



၇။ ဤကဲ့သို့ လူတွေတိုင်းနှင့် အလျဉ်းသင့်အောင် စကားပြောနိုင်ရန် နည်းသည် အလွန်လွယ်ကူ၏။
ဤကဲ့သို့ လူတိုင်းနှင့် အလျဉ်းသင့်အောင် စကားပြောနိုင်ရန် နည်းသည် အလွန်လွယ်ကူ၏။ ✔

၈။ ...ရေဒီယိုအိုင်ဆိုတုပ်များကို **အသုံးပြုရေး၊ ယင်းတို့ကို** စိုက်ပျိုးရေး **တွင်အသုံးပြုရေး၊** ကျန်းမာရေး **လုပ်ငန်းတွင် အသုံးပြုရေးနှင့်** မြေအောက်သယံဇာတဖော်ထုတ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၌ ... အသုံးပြုရေးတို့ ဖြစ်သည်။
... ရေဒီယိုအိုင်ဆိုတုပ်များကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ မြေအောက်သယံဇာတဖော်ထုတ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၌ ... အသုံးပြုရေးတို့ ဖြစ်သည်။ ✔

၉။ ငွေကြေးအကုန်အကျ မများဘဲ **သို့မဟုတ်** ပြုစုပေးသူအတွက်လည်း တာဝန်မကြီးစေသော နည်းလမ်းတစ်ခုကို တွေ့ရှိထားပြီးဖြစ်သည်။
ငွေကြေးအကုန်အကျမများဘဲ ပြုစုပေးသူအတွက်လည်း တာဝန်မကြီးစေသော နည်းလမ်းတစ်ခုကို တွေ့ရှိထားပြီးဖြစ်သည်။ ✔

မြန်မာစာ မြန်မာစကားစာအုပ်မှ
ကောက်နုတ်ဖော်ပြပါသည်။

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**စလင်း ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းမှစတင်ကာ ပန်းတောကျေးရွာအုပ်စုမှ တောင်သူ ၂၆၈ ဦးအား အတိုးနှုန်းငါးရာခိုင်နှုန်းဖြင့် ဦးစားပေးထုတ်ပေးခဲ့ရာ မိုးစပါးတစ်ဧကလျှင် ချေးငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ပေးလျက်ရှိသည်။

စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် မေလဒုတိယပတ်မှ စတင်ကာ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၉ အုပ်စုတို့မှ တောင်သူများအား လယ်ယာလုပ်ငန်းခွင်သုံး စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူအသုံးပြု ဆောင်ရွက်နိုင်ကြစေရန် တောင်သူ ၂၇၀၁ ဦး၊ စိုက်ပျိုးဧက ၁၁၉၅၃ ဧကမှ စပါး ၁၀၄၈၉ ဧက၊ နှမ်း ၇၇၁ ဧက၊ ပဲတီစိမ်း ၆၉၃ ဧကအတွက် ချေးငွေကျပ် ၁၇၁၉၇၅၀၀၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ပန်းတောကျေးရွာအုပ်စုမှ တောင်သူ ၂၆၈ ဦးကို ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မောင်လွင်(စလင်း)

## အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။ အင်းစိန်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဈေးတာဝန်ခံများပူးပေါင်း၍ အစားအသောက်ရောင်းချသည့်ဆိုင်များကို ဝမ်းပျက်၊ ဝမ်းလျှောရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ဈေးအိမ်သာများအား သန့်ရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ အမှိုက်များ စနစ်တကျထားရှိမှုကို စစ်ဆေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရှိ၊ မရှိ စစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

## ပေါင်မြို့နယ်ရှိ ရေဘေးနှင့်လေဘေးသင့်များအား ထောက်ပံ့

**ပေါင် ဇူလိုင် ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးရှောင်ပြည်သူများနှင့် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သူများအား ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က ပြုလုပ်ရာ ဇွန် ၂၆ ရက်က လေပြင်းဘေးတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော ကတွန်ကျေးရွာ၊ ဇင်းကျိုက်ရပ်ကွက်၊ ကျွဲခြံကျေးရွာအုပ်စု ဘူတာရုံကျေးရွာတို့မှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် လူနေအိမ် ငါးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာတစ်ပတ်စာဖိုး ကျပ် ၂၉၄၁၀၀၊ ကုလားစုကျေးရွာတွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် နေအိမ်ကိုးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် လူဦးရေ ၃၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၆၃၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မွန်မလေး (ပြန်/ဆက်)

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

*စာမျက်နှာ ၁၆ မှ*

အက်ကွဲကြောင်းများနှင့် ထင်းပုံများကြားတွင် မြွေများ ခိုအောင်းလေ့ရှိသဖြင့် မိမိနေအိမ်နှင့် အနီးပတ်ဝန်းကျင်တွင် မြွေများခိုအောင်းခြင်းရှိ၊ မရှိ မကြာခဏ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်သင့်သည်။

**အဆိပ်ပြင်းမြွေ အကိုက်ခံရပါက လုပ်ဆောင်ရန်အချက်များ**

မြွေကိုက်ခံရပါက အောက်ပါအချက်များကို အလျင်အမြန် လိုက်နာလုပ်ဆောင်သင့်သည် - မြွေအကိုက်ခံရသော နေရာအား ဆပ်ပြာနှင့်ရေဖြင့် သေချာစွာ ဆေးကြောပါ။ အကိုက်ခံရသောနေရာအား လှုပ်ရှားမှုမရှိအောင် ပြုလုပ်ပြီး လူနာအား လမ်းမလျှောက်စေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး သွားရောက်ပါ။ အကိုက်ခံရသော နေရာအား ရေခဲ (သို့မဟုတ်) အခြားအေးစေသော မည်သည့်အရာကိုမျှ မတင်ပါနှင့်။ အနာပေါ် ဓားဖြင့်ခွဲခြင်း၊ မြွေဆိပ်များအား စုပ်ထုတ်ခြင်း မပြုရပါ။ ကျပ်စည်းခြင်း မပြုရပါ။ တင်းကျပ်စွာ ကျပ်စည်းခြင်းသည် သွေးကြောကို လုံးဝ ပိတ်သွားစေပြီး အကိုက်ခံရသောနေရာသို့ သွေးမရောက်တော့သဖြင့် အကိုက်ခံရသော ခြေ၊ လက်တို့ကို ဆုံးရှုံးစေနိုင်သည်။ မြွေဆိပ်ကာကွယ်ဆေးမှာ အကိုက်ခံရပြီးနောက် တစ်နာရီမှ လေးနာရီအတွင်းထိုးလျှင် ထိရောက်မှုအရှိဆုံးဖြစ်ပြီး အကယ်၍ ၁၂ နာရီကျော်ပါက ဆေးအာနိသင်မှာ လျော့ပါးနိုင်သည်။ ထို့ကြောင့် နီးစပ်ရာ ဆေးရုံ ဆေးခန်းများသို့ အချိန်မီသွားရောက်နိုင်ပါက အကောင်းဆုံးဖြစ်သည်။ သို့ဖြစ်၍ အထက်ပါအချက်များကို လိုက်နာခြင်းအားဖြင့် ရေကြီးမှုနောက်ဆက်တွဲ ကြုံတွေ့လာနိုင်သည့် မြွေဆိုးများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို သတိပြုကာကွယ်သွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား -**


1. https://www.who.int/news-room / fact-sheets / detail/ snakebite-envenoming
2. Prognostic indicators in patients with snakebite: analysis of two-year data from a township hospital in central Myanmar
3. https://www.mdn.gov.mm/my / mechipsngkhngnng-chephkwngapngmaae - akhnknndd
4. ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များ။

## ညောင်ဦးမြို့နယ်၌ ဆေးရုံတက်လူနာများပြားသဖြင့် သွေးလိုအပ်မှုများရှိနေ၍ သွေးလှူဒါန်းနိုင်

**ညောင်ဦး ဇူလိုင် ၃၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံများအတွက် သွေးလိုအပ်ချက်များကို ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ဇီဝိတဒါနအဖြစ် ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိရာ ယခုရက်ပိုင်း ဆေးရုံတက်လူနာဦးရေ များပြား၍ သွေးလိုအပ်မှုများရှိနေသဖြင့် သွေးလှူဒါန်းပေးလိုသော စေတနာသွေးလှူရှင်များရှိပါက မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း အဆိုပါညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းမှ သိရသည်။

မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် သွေးမလှူဖြစ်ကြသည့် သွေးလှူရှင်အသင်းဝင်များအနေဖြင့် အသင်းနှင့်ချိတ်ဆက်၍ လာရောက်သွေးလှူဒါန်းပေးကြရန်နှင့် သွေးလှူဒါန်းလိုသော သွေးလှူရှင်အသစ်များ ရှိပါက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံးဝင်းအတွင်းရှိ သွေးလှူရှင်ရုံးသို့လာရောက်ပြီး သွေးအမျိုးအစား စမ်းသပ်စစ်ဆေးကာ လှူဒါန်းနိုင်ကြောင်း ၊ သွေးလှူဒါန်းရန်အတွက် သွားလာရေးအခက်အခဲရှိပါက အသင်းရုံး ဖုန်းနံပါတ် ၀၉-၂၅၂၉၄၂၅၀၀ သို့ ဆက်သွယ်ပေးပါက အသင်းရုံးမှ ကားဖြင့် အကြို/ အပို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်း ကျေးရွာများ၌ ဖွဲ့စည်းထားသော သွေးလှူရှင်အသင်းခွဲများမှ သွေးလှူဒါန်းလိုသူ ငါးဦးနှင့်အထက် ရှိပါက သွေးအမျိုးအစား လာရောက်စစ်ဆေးပေးမည်ဖြစ်ကြောင်းနှင့် သွေးစည်းရုံးရေးမှူးအဖြစ် ကူညီပေးနိုင်သူ ရှိပါကလည်း သွေးလှူရှင်အသင်းခွဲအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ အုပ်စုအဆင့်မှထွက်ရ

**နေပြည်တော် ဇူလိုင် ၃၀**
ပြင်သစ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အုပ်စုနှစ်ပွဲစလုံး ရှုံးပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။




သက်ထားသူဇာသည် အုပ်စုဒုတိယပွဲအဖြစ် ကနေဒါနိုင်ငံသူ မီချယ်လ်လီနှင့်ယှဉ်ပြိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၂၁-၁၆ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၅-၂၃ မှတ်ဖြင့် နှစ်ပွဲပြတ် အရေးနိမ့်ခဲ့သည်။ သက်ထားသူဇာသည် ယခင်က မီချယ်လ်လီနှင့် တွေ့ဆုံဖူးပြီး ထိပ်တိုက်တွေ့ဆုံမှုတွင် အသာရထားသဖြင့် ယခုပွဲတွင် ဆက်လက်အနိုင်ရရန် ကြိုးပမ်းသော်လည်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် ပထမပွဲစဉ်တွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် အနိုင်ရရန် ကြိုးပမ်းခဲ့ပြီး ပထမပွဲငယ်တွင် ငါးမှတ်အကွာဖြင့်အရေးနိမ့်ခဲ့သလို ဒုတိယပွဲငယ်တွင် အပြန်အလှန် ရမှတ်များရယူပြီးမှ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် အုပ်စု (C) တွင် ပါဝင်ခဲ့ပြီး ဂျပန်နိုင်ငံသူ ယာမာဂူချိ၊ ကနေဒါနိုင်ငံသူ မီချယ်လ်လီတို့ကို အရေးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-BWF**

## ဘိုလော့ဂ်နာခံစစ်ကစားသမား ကလာဖီအိုရီကို အာဆင်နယ် ခေါ်ယူစာချုပ်

အာဆင်နယ်အသင်းသည် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ပေါင် ၄၂ သန်းဖြင့် ဘိုလော့ဂ်နာအသင်းမှ အီတလီခံစစ်ကစားသမား ရီကာဒို ကလာဖီအိုရီကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ၌ အီတလီအသင်း၏ အုပ်စုပွဲစဉ်သုံးပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားထားသော အသက် ၂၂ နှစ်အရွယ် အဆိုပါခံစစ်ကစားသမားသည် အာဆင်နယ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။

လတ်တလောတွင် ကလာဖီအိုရီသည် ရာသီအကြိုခြေစမ်းပွဲများ ကစားရန် အသင်းဖော်သစ်များနှင့်အတူ ပူးပေါင်းလျက်ရှိကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီ ဘိုလော့ဂ်နာအသင်းတွင် ပွဲပေါင်း ၃၀ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းကာ ငါးကြိမ်ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။

အာဆင်နယ်အသင်းသည် အသင်းမှကွင်းလယ်ကစားသမား စမစ်သ်ရိုဝီကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းဖြင့် ဖူလ်ဟမ်အသင်းသို့ ရောင်းချသွားဖွယ်ရှိနေသည်။

အာဆင်နယ်အသင်းသည် ဩဂုတ် ၁၇ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဝုဖ်အသင်းနှင့်စတင်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**အောင်ဇော်**




## မြန်မာ Boxer ဝိတ်တန်းအလိုက် လက်ရည်စစ်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**
မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်(MBF)နှင့်Myanmar Boxing Commission(MBC)တို့ပူးပေါင်း၍ ဂျပန်နိုင်ငံသို့ ဆုကြေးစားလက်ဝှေ့ပွဲများ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာ Boxer လက်ရည်စစ်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း(သုဝဏ္ဏ)၌ ကျင်းပသည်။

အဆိုပါအမျိုးသားပြိုင်ပွဲများတွင်50.80kg (Fly Weight) နှစ်ပွဲ၊ 57.15kg(Feather Weight)နှစ်ပွဲ၊ 63.50Kg(Supelight Weight)နှစ်ပွဲ၊ 72.57kg(Middle Weight)၊ 79.38(Light Heavy Weight) တစ်ပွဲစီ စုစုပေါင်းရှစ်ပွဲ လက်ရည်စစ်ယှဉ်ပြိုင်ကြသည်။

လက်ရည်စစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ Myanmar Boxing Commission(MBC)မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ဂျပန်လက်ဝှေ့ကော်မရှင်တို့က ကြီးကြပ်ကြည့်ရှုကြသည်။

“မြန်မာဘောက်ဆင်တွေ အလွန်ကိုအောင်မြင်ခဲ့တဲ့ ခေတ်ကာလတစ်ခုလည်းရှိခဲ့တယ်။ ဒါပေမယ့်အခုအချိန်မှာ ကစားသမားနည်းတယ်။ ကစားသမားနည်းတဲ့အတွက်ကြောင့် အားကစားသမားတွေစုတဲ့အခါမှာ ဝိတ်တန်းမတူတာတွေ၊ တူညီတဲ့ဝိတ်တန်းမရှိတာတွေ အများကြီးတွေ့ရပါတယ်။ ဒါပေမယ့်ဝိတ်တန်းမတူပေမယ့်လည်း ကောင်းတယ်ဆိုရွေးမှာပါ။ ရွေးပြီးတော့ ဩဂုတ် ၂၁ ရက်မှာ ဂျပန်ဂျေဘီစီကနေပြီးတော့ လာကြမယ်၊ ဒိုင်တွေလည်းလာမယ်၊ နည်းပြတွေလည်း ပါလာမယ်။ ကျွန်တော်တို့ထပ်ပြီး လက်ရည်စစ်ဦးမှာ ဖြစ်ပါတယ်” ဟု အမ်ဘီစီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းထွန်းက ပြောသည်။

ယင်းလက်ရည်စစ်ပွဲကို ဩဂုတ်၂၁ရက်တွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



အမျိုးသားလက်ဝှေ့ဝိတ်တန်းအလိုက် လက်ရည်စစ်ယှဉ်ပြိုင်စဉ်။

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၃၀ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၅ | ၁၃၄၅၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၉၅၆၉ | ၃၃၆၆၅၈၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၃၉၈၂၅ | ၆၉၆၉၃၇၅၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၀၀၀ | ၂၈၅၀၀၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၄၅၆ | ၇၉၈၀၀၀ |
| AMATA | ၄၇၀၀ | ၄၇၀၀ | ၂၂၆ | ၁၀၄၀၂၀၀ |
| MAEX | ၃၄၀၀ | ၃၅၀၀ | ၅၇၀ | ၁၉၄၅၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## စိမ်းကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ

ယာယီ

## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၃၁ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၇-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၈-၂၀၂၄) ရက်နေ့ (ကြာသပတေးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အောက်ဖော်ပြပါနေရာများတွင် အရန်သင့်အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချရန်အတွက် နေရာငှားရမ်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) ပင်မဆောင်မြေညီထပ် ၂၉'x၁၇'၆" အကျယ်ရှိ အခန်းနေရာ

(ခ) လမ်းမတော်လမ်း ဝင်ပေါက်အနီးရှိ ၂၅'x၁၆' အကျယ်ရှိသည့်မြေနေရာ

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်** - ၂၉-၇-၂၀၂၄ရက် (တနင်္လာနေ့)

**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန်** - ၁၂-၈-၂၀၂၄ရက်(တနင်္လာနေ့) (၁၆:၀၀)နာရီ

၃။တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---






---

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ရှမ်းတန်း အကွက်အတွင်းရှိ ဦးပိုင်အမှတ်(၁၄၅)၊ ဧရိယာ(၀.၁၀၇)ဧကရှိ ဘိုးဘပိုင် အိမ်ခြံမြေကွက်အား မူလအမည် ဒေါ်နွယ်နွယ်ရီ အမည်မှ ဒေါ်ခင်လှ+(သမီး) ဒေါ်ဝေမာနှင်းခင် အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက် တင်ပြကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ရွှေတောင်မြို့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၂/ခဲစင်း)၊ ၁၁၁ လမ်း၊ ၄၈ x ၄၉ လမ်းကြားရှိ ဦးချစ်မောင် အမည်ပေါက် တောဂရန်မြေကွက်အားဖခင် ဦးချစ်မောင်၊ မိခင် ဒေါ်သောင်းတို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၄၃၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်တင်တင်မာ ၉/မရမ(နိုင်)၀၆၆၈၅၆ ၏ (GPရရှိသူဒေါ်ကျန်ဒရာ(ခ)ရီသားဒေဝီ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ်(၂၄၅၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၁)၊ ဦးပိုင်အမှတ် (၁+၂က+၅က)၊ ၈၉C လမ်း၊ ၃၄ x ၃၅ကြားရှိ ဒေါ်လှရီ အမည်ပေါက် ဘိုးဘမြေကွက်အားဖခင် ဦးဘလွန်း၊ မိခင် ဒေါ်လှရီတို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်ကြသော ဒေါ်သိန်းသိန်းငွေ ၉/မရမ(နိုင်)၀၃၈၁၆၀၊ ဦးထွန်းရွှေ ၉/မနတ(နိုင်)၀၂၃၆၆၁၊ ဦးဝင်းမောင်သိန်း ၁၂/မဂတ(နိုင်)၀၄၉၂၉၆၊ ဒေါ်ချိုချို ၉/မရတ(နိုင်)၀၄၃၀၀၈၊ ဒေါ်မိုးမြတ်သီတာလွန်း ၉/မရတ(နိုင်)၀၄၃၀၀၈ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရွှေဝါဖူး(၂)လမ်း၊ မြေကွက်အမှတ်(၂၈၄/ခ)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ ဧရိယာအကျယ်ဝန်း ပေ(၂၂x၆၀)၊ စတုရန်းပေ (၁၃၂၀)၊ဧက၀ ဒသမ ၀၃ ရှိသော မြေ၊ အိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဒေါ်စူမီသရာ ၁၂/စခန(နိုင်)၀၄၄၄၁၆ ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးသန်း ၁၀/မလမ(နိုင်)၀၁၇၁၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်လဲ့လဲ့ကြည် | ဒေါ်နီနီဇော် | ဒေါ်သဇ္ဇာဝင်း |
|---|---|---|
| (LL.B) | (LL.B, D.B.L) | (LL.B, DBL) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၃၅၅၂) | (စဉ်-၁၅၇၁၇) | (စဉ်-၄၆၃၅၆) |

**အမှတ်(၃၉)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၆၈၁၄၄၈၉၊ ၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၇၇၆၈၈၆၇၀၉**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၂/ခဲစင်း)၊ ၁၁၁ လမ်း၊ ၄၈ x ၄၉ လမ်းကြားရှိ ဦးချစ်မောင် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးချစ်မောင်၊ မိခင် ဒေါ်သောင်းတို့ အသီးသီး ကွယ်လွန် ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၄၃၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်တင်တင်မာ ၉/မရမ(နိုင်)၀၆၆၈၅၆ ၏ (GP ရရှိသူ ဦးကျော်ညီညီစိုး)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၅၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၈၃၀၇၀ Kenbo 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၇/ပမန(နိုင်)၀၈၈၄၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

---

## စာအုပ်စာပေလှူ့မိတ်ဆွေ

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၄၃

**ကွယ်လွန်သူ ဒေါ်တင်မြ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်မြ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကျင်ကျင်စန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်မြ၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကျင်ကျင်စန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၇/မြို့မအနောက်ရပ်) ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ဆွေဆွေတင့် ၁၄/မမန(နိုင်)၀၀၃၁၉၄ (ဘ)ဦးဘိုချွန်(ခ)ဦးသန်းလှ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ–၃၀၅၈၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၅၇/၂၀၂၁ (၂၆–၁၁–၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဆွေသက်ထား ၁၂/တမန(နိုင်)၀၀၃၂၈၄ (ဘ)ဦးတင်နွယ်မှ ဒေါ်ဆွေသက်ထား ၁၂/တမန(နိုင်)၀၀၃၂၈၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၃၃၊ ဦးပိုင်အမှတ် (၇၉)၊ ၄၂လမ်းမျက်နှာပြု၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းတစ်အောင်၏ (SPရရှိသူဦးဝေထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၉၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မွှန်သန္တာ (၅/ကလထ(နိုင်)၁၂၀၃၉၆)က အမှုတွဲအမှတ် (၂၄၉၂/၂၀၂၄–၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၈၂၆၊ ဦးပိုင်အမှတ် (၆၁–ဃ)၊ ၈၄လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူဦးဇော်၊ဒေါ်အေးအေးဝင်းတို့၏ (SP ရရှိသူ ဒေါ်ရီရီမြင့်) ထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၂၇/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်သန်းဆွေ ၅/ဟမလ(နိုင်) ၀၀၄၃၁၈က အမှုတွဲအမှတ် (၀၃၀၇/ဘ(ပြောင်း)/၂၀ ၂၄–၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄၊ ဦးပိုင်အမှတ်(၁၈–ဃ)၊ ၈၂လမ်းမျက်နှာပြု (၄၁ x၄၂လမ်းကြားရှိ ၊ ဂရန်မြေကွက်အမည်ပေါက်သူ၊ ဦးလီဟုန် ၁၃/မဆတ(နိုင်)၀၂၈၇၆၇က အမှုတွဲအမှတ်(၂၄၉၇/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအားအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ Bahosi Housging Complex ၊ အမှတ်(၄၇/၄၈)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၅၉၅၈၂၁၆)ဖြင့် မှတ်ပုံတင်ရရှိထားသော KYUN SHWE WAR COMPANY LIMITED မှ ကုမ္ပဏီ၏ (မန်နေဂျာ)ဖြစ်သူ ဒေါ်ဝတ်ရည်ပြည့်စုံ(ဘ)ဦးစိုးလွင် ၁၂/ပဇတ(နိုင်) ၀၃၁၁၉၁ သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၃၂၉၅)ဖြင့် (၄–၄–၂၀၂၄)ရက်တွင် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား "KSW" ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် "နှမ်းလျော်၊ နှမ်းအမျိုးမျိုးနှင့် ပဲအမျိုးမျိုး" တို့ကို ပြည်တွင်း၌ ကုန်ကြမ်းမှာယူ၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်းခန်းများ/စက်ရုံများ/ရုံးခန်းများဖွင့်လှစ်၍ ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူး/ရောင်းချလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီနှင့် စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး တို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိမ့်ဇာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၄၀၁၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ဦးပိုင်အမှတ်(၅၁/၆က)၊ (၈၅ ပေX၁၇၀ ပေ)ရှိ ကျောက်ကာကွင်း၊ အင်ကြင်းကုန်းကျေးရွာ၊ အမှတ်၅၉၉ဟု ခေါ်တွင်သည့် မြေနှင့် ၎င်းပေါ်တွင် ဆောက်လုပ်တည်ရှိပြီးဖြစ်သော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်များကို လက်ရှိပိုင်ဆိုင် နေထိုင်လျက်ရှိသူ ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဝင်း ၁၄/မအန(နိုင်)၀၇၇၆၂၇ထံ ကျွန်ုပ်အမှုသည်မှ ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်/စာတမ်းဖြင့်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမျိုးသန့်** | **ဒေါ်ရီ** |
| **(B.A (Law), LL.B)** | **(LL.B)** |
| **(စဉ်–၁၅၇၆)** | **(စဉ်–၃၈၈၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၅၀၆၄၅၄၅၊ ၀၉–၅၀၈၃၅၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄၊ ဦးပိုင်အမှတ် (၁၈–က)၊ ၈၂လမ်းမျက်နှာပြု၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလီဟုန် ၁၃/မဆတ(နိုင်)၀၂၈၇၆၇က အမှုတွဲအမှတ် (၂၄၉၈/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

